# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၂၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)ကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့၏ Videoconferencing နည်းဖြင့် တွေ့ဆုံဆွေးနွေးပွဲရလဒ်များအား ကမ္ဘောဒီးယားဘုရင့်နိုင်ငံတော်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်ထုတ်ပြန်**

သတင်းထုတ်ပြန်ချက် စာ - ၆

မြန်မာ့အလင်း

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်းဖြင့် ဘေးကင်းရန်ကွာကြစေရာ

နိုင်ငံတော်တည်ငြိမ်ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုအား ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်ပေါ်စေရန် ရည်ရွယ်သည့် လှုံ့ဆော်မှုများ လူမှုကွန်ရက်များတွင် ပျံ့နှံ့လျက်ရှိသည်။ ယင်းလှုံ့ဆော်မှုများကို အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များက ၎င်းတို့၏ Facebook account များမှ ပြုလုပ်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်လူမှုကွန်ရက်ကို လူအများစုက အသုံးပြုလျက်ရှိကြရာ နေ့စဉ်လူမှုဘဝ၏ အစိတ်အပိုင်းတစ်ရပ် သဖွယ်ပင်ဖြစ်လျက်ရှိသည်။ ထို့အပြင် ဖေ့စ်ဘွတ်ကိုပင် အဓိက သတင်းအရင်းအမြစ်တစ်ခုအဖြစ် သုံးစွဲလာကြသည့်အတွက် အစဉ်အလာသတင်းမီဒီယာများကို အသုံးပြုမှု နည်းပါးသွားခဲ့ရာ အချို့မီဒီယာများမှာ ရပ်တည်ရန်ပင် ခက်ခဲသွားခဲ့သည်။ ဖေ့စ်ဘွတ်မှ သတင်းအချက်အလက်များ ရယူကြရာတွင် စိစစ်ဝေဖန်သုံးသပ်နိုင်မှု နည်းပါးသူများမှာ အများစုဖြစ်ကြပြီး လူမှုကွန်ရက်စာမျက်နှာတွင် တွေ့သမျှကို အမှန်ထင်၊ မဆင်မခြင် ထပ်ဆင့်ဖြန့်ဝေ၊ အများနည်းတူ မှတ်ချက်များ ဝင်ပေးကြသူများကို အချိန်နှင့်အမျှ တွေ့မြင်ကြရသည်။ အကြမ်းဖက်အဖျက်သမားများ၊ မသမာ ဒုစရိုက်သမားများက လူမှုကွန်ရက်မှ လူတို့၏ အားနည်းချက်များကို အခွင့်ကောင်းယူ၍ ၎င်းတို့၏ အဖျက်လုပ်ငန်းများ၊ ဒုစရိုက်လုပ်ငန်းများ အောင်မြင်စေရန် အသုံးချလျက်ရှိကြသည်။ အကြမ်းဖက်အဖျက်သမားတို့က ဖေ့စ်ဘွတ်မှတစ်ဆင့် အဖျက်အမှောင့်ပြုလုပ်ကြရာတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရေး၊ ပြည်သူလူထုအတွင်း အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရေးတို့အတွက် လှုံ့ဆော်သည့် နည်းလမ်း၊ ဝါဒဖြန့်သည့်နည်းလမ်း၊ ခြိမ်းခြောက်သည့် နည်းလမ်းများဖြင့် ပြုလုပ်နေကြခြင်းဖြစ်သည်။

နိုင်ငံရေးအစွန်းရောက်သမားများနှင့် အကြမ်းဖက်အားပေးသူများမှာ ရပ်ရွာများအတွင်း အသွင်အမျိုးမျိုးဖြင့် ရှိနေကြကာ မသိမသာ တွန်းအားပေးခြင်း၊ သွယ်ဝိုက်၍ ခြိမ်းခြောက်ခြင်း နည်းလမ်းများဖြင့်လည်း ဘေးတီးပေးလေ့ရှိကြရာ လူများစုအနေဖြင့် ကြောက်တတ်ဝန်ကင်းဟူသကဲ့သို့ လိုက်ပါလုပ်ဆောင်ကြရသည်။ မည်သည့်အချိန်၊ မည်သည့်နေရာမှ ပေါ်ထွက်လာမည် မသိရသည့် ဥပဒေမဲ့ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက် သတ်ဖြတ်မှုများကို လက်နက်မဲ့၊ အပြစ်မဲ့ပြည်သူတို့ စိုးရိမ်ထိတ်လန့်ကြရသည်မှာလည်း သဘာဝကျသည်ဟု ဆိုရမည်ဖြစ်သည်။ သို့ရာတွင် ဥပဒေရှုထောင့်မှ ကြည့်ပါက အကြမ်းဖက်သမားတို့ စေခိုင်းသည့်အတိုင်း လိုက်ပါလုပ်ဆောင်ခြင်းက အကြမ်းဖက်သမားတို့နှင့် ပူးပေါင်းခြင်း၊ ၎င်းတို့ကို ထောက်ခံခြင်း၊ အားပေးခြင်းပင်ဖြစ်သည်။ ဥပဒေနှင့်ငြိစွန်းပါက၊ ဥပဒေကို ဖောက်ဖျက်ကျူးလွန်ပါက ပြစ်မှု၏နောက်တွင် ပြစ်ဒဏ်က ပါလာတော့မည်ဖြစ်သည်။ ဆိုင်ရာဥပဒေပုဒ်မများအလိုက် ပြစ်ဒဏ်ချမှတ်ခံရပါက ထောင်ဒဏ်၊ ငွေဒဏ်တို့အပြင် မိမိတို့၏ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုပါ သိမ်းဆည်းခံရနိုင်သည်ကို သတိချပ်ကြရမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်လျှင် ကြောက်တတ်၍ ဝန်မကင်းနိုင်သည်ကို အထူးသတိပြုကြရန်လိုသည်။ လူမှုကွန်ရက်များမှ လှုံ့ဆော်၍လည်းကောင်း၊ ရပ်ရွာအတွင်း လူပြောသူပြောကြောင့်လည်းကောင်း၊ သံပုံးတီးဆိုလျှင်တီး၊ အပြင်မထွက်နဲ့ဟုဆိုလျှင် မထွက်၊ ဆိုင်မဖွင့်နဲ့ဟုဆိုလျှင် မဖွင့်စသည်ဖြင့် အလွယ်တကူ လိုက်ပါလုပ်ဆောင်နိုင်သည့် အပြုအမူများကို အကြမ်းဖက်အဖွဲ့အစည်းတို့က အစိုးရဆန့်ကျင်မှုများအဖြစ် ခေါင်းစဉ်တပ်ပေးလိုက်သောအခါ လိုက်ပါပြုလုပ်သူများမှာ အကြမ်းဖက်အဖွဲ့အစည်းနှင့် ပူးပေါင်းသူများ ဖြစ်သွားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းသည့်အဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ လက်နက်မဲ့သူ၊ အပြစ်မဲ့သူ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်မှုများကို ထိတ်လန့်ကြောက်ရွံ့ပါက၊ မလိုလားပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ကူညီခြင်း၊ ဥပဒေဘောင်အတွင်း ဥပဒေနှင့်အညီ နေထိုင်ခြင်းတို့ကသာ ဘေးဘယာတို့ ဝေးကွာနိုင်မည်ဟု အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။


"တို့တွေအနာဂတ်ကောင်းမွန်ဖို့ မွေးမြူထုတ်လုပ်ကြပါစို့"

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပြုလုပ်သည့်

စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်

"မွေးမြူရေးတိရစ္ဆာန် ပြပွဲ၊ ပြိုင်ပွဲ(၂၀၂၂)" "Livestock Fair 2022"

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်မှ ၃၀ ရက် စက်စက်ယိုကွင်း၊ နေပြည်တော်


### ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၇-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 2 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 3 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 4 | Injection– Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 5 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 6 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 7 | Injection Enoxaprim 40 mg | 1 Pre- Filled Syringe | 7000 | Nyi Lay Naing |
| 8 | Injection Enoxaprim 60 mg | 1 Pre- Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 9 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 10 | P.O Dextromethophan | 10X10's | 1450 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccp-md.org)နှင့် Facebook Page https://www.facebook.com/ 323 30252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

**ရင်းနှီးချစ်ကြည် တွဲလက်ညီ ပြည်ထောင်စုဖွား တိုင်းရင်းသား။**

❏ ရှေ့ဖုံးမှ

## ■ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးလုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်၊ နိုင်ငံသားများအနေဖြင့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအား သိရှိလိုက်နာစေရေး အသိပညာများ ရှိရန်အတွက် အတန်းပညာများ တတ်မြောက်အောင် သင်ကြားပေးရန် လိုအပ်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးကိုကို၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က Video Conferencing ဖြင့် တက်ရောက်ကြသည်။

### အကျယ်တဝင့် ဆွေးနွေးမှာကြား

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးလုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့်ကြပ်မတ်ဆောင်ရွက်ရန် အခြေအနေ၊ နိုင်ငံသားများအနေဖြင့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအား သိရှိလိုက်နာစေရေး အသိပညာများရှိရန်အတွက် အတန်းပညာများ တတ်မြောက်အောင် သင်ကြားပေးရန် လိုအပ်မှုနှင့် နိုင်ငံအတွင်း အသိပညာရှင်များ၊ အတတ်ပညာရှင်များ ပေါ်များရေး အလေးထားဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ ဥပဒေပြုရေးနှင့် ပတ်သက်၍ ဥပဒေများပြဋ္ဌာန်းရာတွင် အားနည်းချက်များမရှိစေရေး အားလုံးဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ရန်နှင့် ဥပဒေပြုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် အလေးအနက် စဉ်းစားဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ နိုင်ငံသားများနှင့် နိုင်ငံပိုင်အဆောက်အဦများ လုံခြုံရေးအတွက် ဆောင်ရွက်ရာတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ဝန်ကြီးဌာနများအလိုက် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေး အသိ၊ သတိဖြင့် ဆောင်ရွက်ရန် လိုအပ်မှု အခြေအနေ၊ ပြည်သူများအားလုံး ညီညွတ်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲ၊ ချမ်းသာကွာဟမှုများ နည်းပါးအောင် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှု အခြေအနေများကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍရပ်များ၊ ဥပဒေရေးရာကိစ္စရပ်များ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

### လိုအပ်သည်များလမ်းညွှန်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ရှေးဟောင်းနယ်မြေများနှင့် ရှေးဟောင်းအဆောက်အဦများ ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မှုနှင့် ပြည်ပခရီးသွားများအား ဆွဲဆောင်မှုရှိအောင် ပြုပြင်ထိန်းသိမ်း၍ နိုင်ငံ၏ ဝင်ငွေတိုးတက်အောင် ဆောင်ရွက်နိုင်သည့် အခြေအနေ၊ သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များအား စနစ်တကျဖြင့် ထိန်းသိမ်းရန်လိုအပ်မှုနှင့် စိုက်ပျိုးမြေအဖြစ်ဆောင်ရွက်ရန် ခွင့်ပြုထားသည့် သစ်တောမြေနေရာများတွင် စည်းကမ်းချက်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်၍ ထိထိရောက်ရောက် အသုံးချနိုင်ရေး တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် တောင်ကုတ်တက္ကသိုလ်ဖွင့်ပွဲသို့ တက်ရောက်

**စစ်တွေ ဇန်နဝါရီ ၂၇**

တောင်ကုတ်တက္ကသိုလ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ဝင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ရင်ရင်နွယ်နှင့် တောင်ကုတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သန်းထွန်းလွင်တို့က တောင်ကုတ်တက္ကသိုလ်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က တောင်ကုတ်တက္ကသိုလ်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက တောင်ကုတ်တက္ကသိုလ်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ရခိုင်ပြည်နယ်အတွက် အားထားရသည့် တက္ကသိုလ်အသစ်ကြီး ရရှိသည့်အတွက် အလွန်ပင် ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း၊ ရခိုင်ပြည်နယ်၏ လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားရကျေနပ်စရာကောင်းလှပါကြောင်း၊ တောင်ကုတ်မြို့သည်လည်း အချိန်တိုတိုအတွင်း တိုးတက်စည်ပင်လာသည်ကို မြင်တွေ့လာရပါကြောင်း၊ နိုင်ငံတော်တစ်ဝန်း မြို့ရွာများ ယခုကဲ့သို့ စည်ပင်သာယာအောင် နိုင်ငံ့ဝန်ထမ်းများ မြို့ခံလူထုနှင့်အတူ ပညာရှင်များ ပူးပေါင်းလုပ်ဆောင်ကြလျှင် မလွဲကေန်ဖွံ့ဖြိုးလာမည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ကျရာတာဝန် ထမ်းဆောင်ရန် ရောက်ရှိလာကြသည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကလည်း မိမိတို့တာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်အောင် စေတနာထား ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ပေးကြရန်လိုကြောင်း၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးဆောင်နိုင်မည့် လူရည်လူမွန်များ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်ဖြစ်ပေါ်လာပါစေဟုလည်း ဆန္ဒပြုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ရင်ရင်နွယ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းတို့က အမှာစကားပြောကြားကြပြီး တောင်ကုတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သန်းထွန်းလွင်နှင့် မြို့မိ မြို့ဖ ဦးကျော်တောင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် တောင်ကုတ်တက္ကသိုလ် ပါမောက္ခချုပ်က တက္ကသိုလ်ဖွင့်ပွဲအထိမ်းအမှတ် ကျောက်စီပန်းချီကားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများကိုပေးအပ်ပြီး တက္ကသိုလ်မှ နည်းပြ၊ သရုပ်ပြ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ရိုးမရိပ်ခို တောင်ကုတ်တက္ကသိုလ်၊ ပန်းတိုင်းပွင့်ပါစေ၊ ဝေသာလီ၊ ရခိုင်တို့မြေလာခဲ့လေ တေးသီချင်း ယိမ်းအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ဒုတိယဝန်ကြီးတို့က တောင်ကုတ်တက္ကသိုလ်သို့ ပြည်ထောင်စုတိုင်းရင်းသားမဂ္ဂဇင်းစာအုပ်များ လှူဒါန်းပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ကပြဖျော်ဖြေတင်ဆက်ကြသည် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် တောင်ကုတ်တက္ကသိုလ်၏ လှုပ်ရှားဆောင်ရွက်မှုပြခန်းနှင့် တက္ကသိုလ်ဘာသာရပ်ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၁-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာ (၄) ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် "၂၀၂၂ ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော ဓမ္မာစရိယအထူးအောင် ၄ ပါး၊ ပါဠိဂုဏ်ထူးအောင် ၁ ပါး၊ မြန်မာဂုဏ်ထူးအောင် ၅ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ နိကာယ်အထူးအောင် ၁၄ ပါး၊ မဟာဝိဒူအောင် ၆ ပါးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနား" (အစား) "၂၀၂၁ ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော ဓမ္မာစရိယအထူးအောင် ၄ ပါး၊ ပါဠိဂုဏ်ထူးအောင် ၁ ပါး၊ မြန်မာဂုဏ်ထူးအောင် ၅ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ နိကာယ်အထူးအောင် ၁၄ ပါး၊ မဟာဝိဒူအောင် ၆ ပါးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနား" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

သာသနာရေးဦးစီးဌာန

# ဒုတိယအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့် အဖွင့်အမှာစကား

အာဆီယံဝန်ကြီးများနဲ့ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များ၊ လေးစားအပ်တဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့ ဂုဏ်သရေရှိ လူကြီးမင်းများခင်ဗျား -

ဒုတိယအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲမှာ မင်္ဂလာနံနက်ခင်းပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခုနှစ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများ အစည်းအဝေး၊ ဆွေးနွေးဖက်နိုင်ငံများနဲ့ ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရခြင်းဟာ မြန်မာနိုင်ငံအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

အားလုံးကို နေပြည်တော်ကို ကိုယ်တိုင်အစည်းအဝေး တက်ရောက်ဖို့ ဖိတ်ခေါ်လိုပေမယ့် အာဆီယံဒေသနဲ့ ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေတဲ့အတွက် အခုလို ဖိတ်ခေါ် ကြိုဆိုခွင့်မရခြင်း ဖြစ်ပါတယ်။

တစ်ဖက်ကကြည့်ရင်လည်း 2nd ADGMIN အစည်းအဝေးကို virtual format နဲ့ ပြုလုပ်နိုင်ခြင်းဟာ မိမိတို့နိုင်ငံများနဲ့ မိမိတို့ရဲ့ စီးပွားရေးအတွက် မြန်နှုန်းမြင့် အင်တာနက်နဲ့ ဒစ်ဂျစ်တယ် နည်းပညာရဲ့ ပိုမိုအရေးပါလာမှုကို ရှင်းရှင်းလင်းလင်း ဖော်ပြခွင့် ရရှိလိုက်တာပဲဖြစ်ပါတယ်။

ADGMIN ဟာ ဒေသတွင်း ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုနဲ့ အိုင်စီတီ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးကြပ်ကွပ်ကဲဖို့ တာဝန်ရှိတဲ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့အတွက် အာဆီယံရဲ့ စီးပွားရေး ကပ်ရောဂါဘေးမှ ပြန်လည်ဦးမော့လာရေးနဲ့ ပိုမိုတိုးတက်ရေးတို့အတွက် ဦးဆောင်မှုပြုတဲ့အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ ယခုလို အာဆီယံ ဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများအနေနဲ့ နောက်တစ်ကြိမ် ADGMIN အစည်းအဝေးမတိုင်မီကာလအထိ အာဆီယံဒေသအတွင်း လိုအပ်တဲ့ လမ်းညွှန်မှုများပေးနိုင်ဖို့ ဆွေးနွေးညှိနှိုင်းသွားကြဖို့အတွက် အဆင်သင့်ဖြစ်နေတာကို တွေ့ရခြင်းကြောင့် အလွန်ဝမ်းမြောက်မိပါတယ်။

ဒစ်ဂျစ်တယ်နည်းပညာဟာ အားလုံးပါဝင်နိုင်ပြီး သာတူညီမျှမှုရှိတဲ့ စီးပွားရေးတိုးတက်မှုနဲ့ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ပေးနိုင်တဲ့ ကြီးမားတဲ့အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မယ်ဆိုတာကို အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းမှသည် မိမိတို့ရဲ့စီးပွားရေးလုပ်ငန်းများနဲ့ တစ်ဦးချင်းစီရဲ့ ဘဝများအပေါ် ရရှိစေနိုင်မယ့် အကျိုးကျေးဇူးများအားလုံးကို ကျွန်တော်တို့အနေနဲ့ ပြည့်စုံစွာ နားလည်ဖို့ လိုအပ်နေသေးတဲ့ အခြေအနေလည်း ဖြစ်ပါတယ်။

အခြားတစ်ဖက်မှာတော့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ခြင်းမရှိဘဲ နောက်ကျကျန်ရစ်ခဲ့မယ်ဆိုရင် အခက်အခဲကြီးမားစွာ တွေ့ကြုံမှာဖြစ်ပါတယ်။ အခုလို အပြန်အလှန်ဆက်နွယ်နေတဲ့ အပြန်အလှန်ချိတ်ဆက်နေတဲ့ခေတ်မှာ ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်မှု၊ ကွာဟမှုဟာ အာဆီယံဒေသတွင်း အကျိုးစီးပွားကိုပါ များစွာထိခိုက်လာစေနိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အာဆီယံ ခေါင်းဆောင်များအနေနဲ့ကလည်း **“အာဆီယံတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ထုတ်ပြန်ချက်”**မှာ အားလုံးပါဝင်နိုင်တဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုကို ဖော်ဆောင်နိုင်စေဖို့ အတူတကွလက်တွဲလုပ်ဆောင်ကြဖို့ ကတိပြုခဲ့ကြခြင်း ဖြစ်ပါတယ်။



ဒုတိယအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့် အဖွင့်အမှာစကား ပြောကြားစဉ်။

ယမန်နှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်ကနေ လေ့လာတွေ့ရှိမှု တစ်ခုအရ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုအားကောင်းတဲ့ အဖွဲ့အစည်းများဟာ ကပ်ရောဂါကာလအတွင်း လူမှုစီးပွားထိခိုက်မှုတွေကို ပိုမိုခံနိုင်ရည်ရှိကြောင်း ဖော်ထုတ်ရရှိခဲ့ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ကမ္ဘာတစ်ဝန်း ကြီးမားတဲ့လူမှုစီးပွားဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်စေခဲ့ကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။ ကပ်ရောဂါကာလအတွင်းမှာ လူ့အဖွဲ့အစည်းများအတွက် ချမှတ်ထားတဲ့ တားမြစ်ကန့်သတ်ချက်များကြောင့် စီးပွားရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ်အသွင်သို့ ပြောင်းလဲဖို့ တွန်းအားဖြစ်ပေါ်စေခဲ့ပါတယ်။ အဲဒီအချက်ကပဲ နိုင်ငံအသီးသီးမှာ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးလုပ်ငန်းများကို အလိုအလျောက် အရှိန်မြှင့်တက်စေခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းကြောင့် နိုင်ငံတကာအစိုးရများအနေနဲ့ ကပ်ရောဂါကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စေဖို့ ကူညီပေးနိုင်တဲ့ အခြေအနေများကိုလည်း ရရှိခဲ့ပါတယ်။

ဒါ့ကြောင့် မိမိတို့ရဲ့ လူမှုစီးပွားဘဝအပေါ် သက်ရောက်မှုဖြစ်ပေါ်နေတဲ့ ထိခိုက်မှုများကို လျော့ပါးစေဖို့အတွက် ကူညီပံ့ပိုးပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် အာဆီယံဒေသကို လူမှုစီးပွားရေးဆိုင်ရာ ပြန်လည်ထူထောင် တိုးတက်မှုရှိစေရေးအတွက် ကူညီပေးနိုင်တဲ့ အလားအလာများလည်း ရရှိမှာဖြစ်ပါတယ်။

ဒါ့ကြောင့် မိမိတို့အနေနဲ့ ယခုနှစ် ADGMIN အစည်းအဝေးအတွက် **“Digital Transformation – the Engine for ASEAN Economic Recovery from COVID-19”** ကို အစည်းအဝေးခေါင်းစဉ်အဖြစ် ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြလိုပါတယ်။

အာဆီယံရဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုတို့နဲ့ပတ်သက်ပြီး အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအနေနဲ့ ၂၀၂၁ ခုနှစ်ကစပြီး အာဆီယံဒစ်ဂျစ်တယ် မဟာစီမံကိန်း ၂၀၂၅ (ASEAN Digital Masterplan 2025 – ADM 2025)ကို အတည်ပြုလက်ခံကျင့်သုံးနေပြီဆိုတာ သိရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ADM 2025 ဟာ လာမယ့် (၅)နှစ်အတွင်း အာဆီယံဒစ်ဂျစ်တယ်နဲ့ အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းညွှန်ချက်များ ပေးနိုင်မှာဖြစ်ပြီး အာဆီယံဒစ်ဂျစ်တယ် ဝန်ကြီးများအနေနဲ့လည်း ဒေသတွင်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ကြိုးပမ်းမှုကို ဦးဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီလုပ်ငန်းရပ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် အာဆီယံ ခေါင်းဆောင်များထံမှလည်း ထောက်ခံမှု ရရှိထားပြီးဖြစ်တယ်ဆိုတာကို ထည့်သွင်းပြောကြားလိုပါတယ်။

**လေးစားအပ်တဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား**

ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းရဲ့ အကျိုးကျေးဇူးများကို မိမိတို့အားလုံး ကောင်းစွာသိရှိနားလည်ထားပေမယ့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းကြောင့် မိမိတို့ဒေသနဲ့ မိမိတို့ဘဝများအပေါ် သက်ရောက်စေနိုင်တဲ့ ထိခိုက်မှုများနဲ့ အနှောင့်အယှက်များကိုလည်း ထည့်သွင်းစဉ်းစားဖို့ အရေးကြီးပါတယ်။

အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအနေနဲ့ အဆိုပါ ကြီးမားစွာ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ထိခိုက်မှုများမှ ကာကွယ်နိုင်ဖို့အတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပါတယ်။

*စာမျက်နှာ ၅ သို့*

- **ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းမှသည် မိမိတို့ရဲ့စီးပွားရေးလုပ်ငန်းများနဲ့ တစ်ဦးချင်းစီရဲ့ ဘဝများအပေါ် ရရှိစေနိုင်မယ့် အကျိုးကျေးဇူးများအားလုံးကို ကျွန်တော်တို့အနေနဲ့ ပြည့်စုံစွာနားလည်ဖို့ လိုအပ်နေသေးတဲ့ အခြေအနေလည်းဖြစ်**
- **ADM 2025 ဟာ လာမယ့် (၅) နှစ်အတွင်း အာဆီယံဒစ်ဂျစ်တယ်နဲ့ အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းညွှန်ချက်များပေးနိုင်မှာဖြစ်ပြီး အာဆီယံဒစ်ဂျစ်တယ် ဝန်ကြီးများအနေနဲ့လည်း ဒေသတွင်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ကြိုးပမ်းမှုကို ဦးဆောင်နိုင်မယ်လို့ ယုံကြည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး ( 2nd ASEAN Digital Ministers' Meeting – 2nd ADGMIN ) နှင့် ဆက်စပ်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ Video Message ပေးပို့၍ အဖွင့်အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး (2nd ASEAN Digital Ministers' Meeting – 2nd ADGMIN) ကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Video Message ပေးပို့၍ အဖွင့်အမှာစကား ပြောကြားသည်။




### စုစုပေါင်း ၇၆ ဦး တက်ရောက်

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်၍ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမမှ တက်ရောက်ကြပြီး အာဆီယံ ၁၀ နိုင်ငံမှ ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ အပါအဝင် ကိုယ်စားလှယ် စုစုပေါင်း ၇၆ ဦး တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

### ဂုဏ်ပြုဖွင့်လှစ်

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ASEAN သီချင်းတို့ကို ဂုဏ်ပြုဖွင့်လှစ်သည်။

### အဖွင့်အမှာစကားပြောကြား

အစီအစဉ်အရ ဒုတိယအကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗီဒီယိုမက်ဆေ့ ပေးပို့၍ အဖွင့်အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်အမှာစကားကို စာမျက်နှာ ၄ တွင် သီးခြားဖော်ပြထားသည်။)**

ထို့နောက် ဒုတိယအကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးတွင် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်မည့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် ဒုတိယအကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မြန်မာ့ယဉ်ကျေးမှုနှင့် သဘာဝ အလှအပများကို ဖော်ကျူးသည့် ဗီဒီယိုကို ဖွင့်လှစ်ပြသကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ *စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၄ မှ*

ပြင်ဆင်ဆောင်ရွက်မှုများအနေနဲ့ ပထမဆုံးဆောင်ရွက်ရမှာကတော့ မိမိတို့အဖွဲ့ဝင်နိုင်ငံများနဲ့ မိမိတို့နိုင်ငံတွင်းရှိ မတူညီတဲ့ဒေသများအကြားတွင် ချိတ်ဆက်နိုင်မှုကွာဟချက်များနဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု ကွာဟချက်များကို လျှော့ချရမှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ဟာ အခြားသောဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များထက် ဒေသတွင်းလူမှုစီးပွားအခြေအနေများကို ပိုမိုထိခိုက်လာစေနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ မိမိတို့အဖွဲ့ဝင်နိုင်ငံများဟာ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်ကာကွယ်ရေးနဲ့ စားသုံးသူကာကွယ်ရေးဆိုင်ရာ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေဘောင်များ မြှင့်တင်ရေးကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုအပ်ပါတယ်။

ဒီလိုထည့်သွင်းစဉ်းစားရာမှာ ဒစ်ဂျစ်တယ်ကဏ္ဍရဲ့ နယ်နိမိတ်မရှိတဲ့ သဘောသဘာဝကို ဂရုပြုဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးမှာ ဆိုက်ဘာလုံခြုံရေးဟာ အထူးအရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မိမိတို့အဖွဲ့ဝင်နိုင်ငံများအနေနဲ့ လက်ရှိဆိုက်ဘာလုံခြုံရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ပိုမိုအားကောင်းလာစေဖို့အတွက် တိုးမြှင့်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့စပ်လျဉ်းပြီး အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများရဲ့ ဦးဆောင်မှုနဲ့ အဖွဲ့ဝင်နိုင်ငံများအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများကြောင့် တိုးတက်ဖြစ်ပေါ်မှုများ ရရှိထားပြီးဖြစ်တဲ့အတွက် ဝန်ကြီးများနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူများအားချီးကျူးဂုဏ်ပြုပါကြောင်းနဲ့ အဆိုပါ တိုးတက်ဖြစ်ပေါ်မှုများကိုဆက်လက်ထိန်းသိမ်း အကောင်အထည် ဖော်ကြစေလိုပါကြောင်း တိုက်တွန်းအကြံပြုအပ်ပါတယ်။

ဒ့ါအပြင် မိမိတို့အဖွဲ့ဝင်နိုင်ငံများဟာ သတင်းအချက်အလက်များနဲ့စပ်လျဉ်း၍ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်း ဆောင်ရွက်လာတဲ့ နယ်စပ်ဖြတ်ကျော် လွှဲပြောင်းမှုများနဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းမှ ပေါ်ပေါက်လာနိုင်တဲ့ နယ်စပ်ဖြတ်ကျော် ဆောင်ရွက်မှုများနဲ့စပ်လျဉ်းတဲ့ အခက်အခဲများနဲ့ ကန့်သတ်ချက်များကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စေရေးအတွက် မိမိတို့ရဲ့ ဥပဒေမူဘောင်များကို ပြောင်းလဲပြင်ဆင်သင့်ပါတယ်။ ဒ့ါကြောင့် မိမိတို့နိုင်ငံသားများအပေါ်မှာ ဆိုက်ဘာလိမ်လည်မှုနဲ့ ဆိုက်ဘာအနိုင်ကျင့်မှုများအပါအဝင် Cyber Incident များရဲ့ အန္တရာယ်ကနေ ကာကွယ်ပေးနိုင်ဖို့ အာဆီယံအဖွဲ့ဝင် အစိုးရများအနေနဲ့ အထူးအလေးထား ဆောင်ရွက်ပေးဖို့ လိုအပ်ပါကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ချက်ကတော့ ဆိုရှယ်မီဒီယာ ပလက်ဖောင်းတွေနဲ့ e-commerce ပလက်ဖောင်းတွေအပါအဝင် ဒစ်ဂျစ်တယ် ပလက်ဖောင်းများရဲ့ အမျိုးမျိုးသော လုပ်ဆောင်မှုတွေအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုရှိစေရေး ဆောင်ရွက်သွားကြရန် ဝန်ကြီးများကို အလေးအနက်ထား တိုက်တွန်းလိုပါတယ်။

အဆိုပါ ပလက်ဖောင်းများပေါ်မှာ သတင်းအတု၊ သတင်းအမှားများ၊ ကောလာဟလများလွှင့်တင်ခြင်း၊ အမုန်းစကားများဖန်တီးခြင်း၊ အကြမ်းဖက်မှုကို သွေးထိုးလှုံ့ဆော်ရာရောက်တဲ့ ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ရိုင်းစိုင်းခြင်းစတဲ့ အင်တာနက် အလွဲသုံးမှုများဟာလည်း ကမ္ဘာတစ်ဝန်း လက်တွေ့ကြုံတွေ့လာရတဲ့ ပြဿနာများဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလိုကျယ်ပြန့်တဲ့ ပြဿနာများကို ဖြေရှင်းနိုင်ဖို့အတွက် အားလုံးသဘောတူညီမှုရှိတဲ့ Framework တစ်ခုရေးဆွဲနိုင်ရေး တိုက်တွန်းလိုပါတယ်။

**လေးစားအပ်တဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား**

မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း Digital Economy ဟာ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျတဲ့ကဏ္ဍတစ်ခုအဖြစ် လက်ခံထားရှိပါတယ်။ ဒ့ါအပြင် မိမိတို့ဟာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းအတွက် သင့်လျော်တဲ့ အခြေခံအုတ်မြစ်များကို ချမှတ်နေပြီး ဒီလိုလုပ်ဆောင်ရာမှာ အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ဆက်ဆံချဉ်းကပ်မှုပုံစံနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားလိုပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအသိုက်အဝန်းသို့ ၁၉၉၇ ခုနှစ်မှာ စတင်ဝင်ရောက်ခဲ့တဲ့အချိန်က စတင်ပြီး အာဆီယံရဲ့ အခြေခံမူများကို လေးစားလိုက်နာကာ အာဆီယံစီးပွားရေးကောင်စီရဲ့ **"ကြံ့ခိုင်မှုရှိ၍ အားလုံးပါဝင်နိုင်သော၊ ပြည်သူကိုဗဟိုပြုသော အာဆီယံဖြစ်စေရေး"** ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာမှာလည်း တက်ကြွစွာပါဝင်ခဲ့တဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဟာ အဆိုပါရည်မှန်းချက်ပန်းတိုင်ကို အမြန်လျှောက်လှမ်းနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ အရေးတကြီးလုပ်ဆောင်ရမယ်ဆိုတဲ့ အချက်ကို ညွှန်ပြနေကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံရဲ့ ရည်မှန်းချက်များအကောင်အထည်ဖော်ရာမှာ အခြားသော အာဆီယံအဖွဲ့ဝင်များနဲ့လက်တွဲလုပ်ဆောင်သွားဖို့ ထပ်လောင်းကတိပြုပါတယ်။

မိမိတို့မှာ နည်းပညာနဲ့ အတွေ့အကြုံမြင့်မားတဲ့ ဆွေးနွေးဖက်နိုင်ငံများရှိနေခြင်းဟာ ကောင်းမွန်တဲ့ အနေအထားတစ်ရပ် ဖြစ်ပါတယ်။ အဆိုပါ ဆွေးနွေးဖက်နိုင်ငံများထံမှ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ အတွေ့အကြုံ၊ ဗဟုသုတများ မျှဝေရရှိနိုင်တဲ့ အခွင့်အရေးများ ရှိနေပါတယ်။

ဒါပေမယ့် အာဆီယံဟာ အဆိုပါ မျှဝေမှုများကို လက်ခံရုံသာမက မိမိတို့ကိုယ်တိုင်လည်း မိမိတို့ဒေသအတွက် ဦးဆောင်မောင်းနှင်သူအဖြစ် အားထုတ်ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ မိမိတို့ရဲ့ပန်းတိုင်နဲ့ ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေရေး မိမိတို့ကိုယ်တိုင်အားထုတ်ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအနေနဲ့ ဒီ (၂) ရက်တာကာလအတွင်းမှာ ဆွေးနွေးဆောင်ရွက်စရာများစွာ ရှိနေမှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ဟာ အာဆီယံစီးပွားရေးကို ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုများမှ ပြန်လည်နာလန်ထူလာစေဖို့အတွက် တွန်းအားပေးနိုင်စေရန် ဆွေးနွေးညှိနှိုင်းရမယ့် အချက်များစွာလည်း ရှိနေမှာဖြစ်ပါတယ်။

ဝန်ကြီးများနဲ့ ကိုယ်စားလှယ်များအားလုံးကို မိမိတို့ အာဆီယံဒေသအတွက် အကောင်းဆုံး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ဒီအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ဖို့ စီစဉ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံ ပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးသူများအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားလိုပါတယ်။

ဒ့ါအပြင် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နဲ့ ရုံးအဖွဲ့ကိုလည်း အဆွေတော်တို့ရဲ့ အောင်မြင်မှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုများအားလုံးအတွက် ကျေးဇူးတင်ပါကြောင်းနဲ့ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားလိုပါတယ်။

2nd ADGMIN နှင့် ဆက်စပ်အစည်းအဝေးများအားလုံး အောင်မြင်ပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့၏ Videoconferencing နည်းဖြင့် တွေ့ဆုံဆွေးနွေးပွဲရလဒ်များအား ကမ္ဘောဒီးယားဘုရင့်နိုင်ငံတော်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းတွင် Videoconferencing နည်းဖြင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲ၏ ရလဒ်များနှင့် ပတ်သက်၍ ကမ္ဘောဒီးယား ဘုရင့်နိုင်ငံတော်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး အပြည့်အစုံမှာ–

**ကမ္ဘောဒီးယားဘုရင့်နိုင်ငံတော်**
**နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ**
**ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**

**ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် Videoconference နည်းဖြင့် ပြုလုပ်သော ဆွေးနွေးပွဲရလဒ်များ**

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် သွားရောက်ခဲ့သော မြန်မာနိုင်ငံခရီးစဉ်၏ နောက်ဆက်တွဲအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Videoconference နည်းဖြင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပါသည်။

Samdech Techo HUN SEN နှင့်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် ဝန်ကြီးချုပ်၏ မကြာသေးမီကသွားရောက်ခဲ့သော မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ အာဆီယံအတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များအပေါ် အခြေခံသည့် ဘုံသဘောတူညီချက်ငါးရပ်ကို မည်ကဲ့သို့တိုးတက်အကောင်အထည်ဖော်သွားမည်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပါသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း အခြေအနေတိုးတက်စေရေးအတွက် နောက်ထပ်ဆောင်ရွက်ရန် လိုအပ်ချက်များရှိကြောင်း အမြင်ချင်းဖလှယ်ကြပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူမှုအပေါ် အပြည့်အဝထောက်ခံသည့်အတွက်လည်း ဝန်ကြီးချုပ် Samdech Techo HUN SEN က ကျေးဇူးတင်ကြောင်း ပြောပါသည်။ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသည့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း ဆက်တိုက်ဖြစ်ပေါ်နေသော ဆူပူအကြမ်းဖက်မှုများနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင်း Samdech Techo HUN SEN က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြောကြားပြီး အောက်ပါအချက်လေးချက်ကို တောင်းဆိုခဲ့ပါသည်–

၁။ ၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်တွင်ပြုလုပ်သော အာဆီယံခေါင်းဆောင်များ အစည်းအဝေး၌ သဘောတူခဲ့သည့် ဘုံသဘောတူညီချက်ငါးရပ်သည် မြန်မာနိုင်ငံအတွင်း ပုံမှန်အခြေအနေဖြစ်ပေါ်စေရေးအတွက် အာဆီယံ၏ ဖြေရှင်းမှုဖြစ်ပါသည်။ ထို့ကြောင့် ဘုံသဘောတူညီချက်ငါးရပ်ကို အကောင်အထည်ဖော်ရေးအတွက် အမြဲမပြတ် ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေးကိစ္စတစ်ရပ်အဖြစ် ထားရှိသင့်ပါသည်။

၂။ မြန်မာနိုင်ငံသို့ လာရောက်မည့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ခရီးစဉ် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက တတ်နိုင်သမျှ အကောင်းဆုံး ဆောင်ရွက်ပေးရေး တောင်းဆိုပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းအားလုံးသည် ဖြစ်ပေါ်နေသောပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် တွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်တစ်ခု ပေါ်ပေါက်လာစေရေးအတွက် အပစ်အခတ်ရပ်စဲရေး ရရှိစေရန် သည်းခံချုပ်ထိန်းမှု၊ ဆူပူအကြမ်းဖက်နေခြင်းများ ရပ်စဲမှုနှင့် ကြိုးပမ်းအားထုတ်မှုတို့ကို အစွမ်းကုန်ကျင့်သုံးလုပ်ဆောင်သွားသင့်ပါသည်။

၄။ မြန်မာနိုင်ငံအတွင်းရှိ ကူညီထောက်ပံ့မှုများ အများဆုံးလိုအပ်နေသူများ အားလုံးထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရောက်ရှိစေရေးအတွက် အာဆီယံ၏ ကြိုးပမ်းချက်များကို ကူညီသည့်အနေဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးရန် တောင်းဆိုပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် တစ်နှစ်တာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံက ကမ္ဘောဒီးယားနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ကတိပြုကြောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဝန်ကြီးချုပ် Samdech Techo HUN SEN အား ထပ်လောင်းအတည်ပြုပါသည်။ ထို့နောက် ဝန်ကြီးချုပ် Samdech Techo HUN SEN နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် အကျိုးတူကိစ္စရပ်များနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သွားရန် သဘောတူကြပါသည်။

**ဖနွမ်းပင်၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်**

---

*စာမျက်နှာ ၅ မှ*

## ဆွေးနွေးအတည်ပြု

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ၂၀၂၁ ခုနှစ်အတွက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် မလေးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာဝန်ကြီးဌာနဝန်ကြီး ကိုယ်စား ဒုတိယအထွေထွေအတွင်းရေးမှူး Madam Mastura Ahmad Mustafa က အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေးတွင် လက်ရှိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။ ယင်းနောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများက ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက်နှင့် (၃၉) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများ၏ ရလဒ်များ အကောင်အထည်ဖော်မှုအပေါ် လမ်းညွှန်မှုပေးခြင်းနှင့် ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် “ Digital Transformation: the Engine for ASEAN Economic Recovery from COVID–19” **“ ဒီဂျစ်တယ်အသွင်ကူးပြောင်းခြင်း – ကိုဗစ် (၁၉) အလွန် အာဆီယံဒေသ စီးပွားရေး ပြန်လည်ကောင်းမွန်လာစေမည့်တွန်းအား”** နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို အစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံအလိုက် အလှည့်ကျ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ၂၀၂၁ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အိုင်စီတီကဏ္ဍဆိုင်ရာ စီမံကိန်းလုပ်ငန်းများ၏ ဆောင်ရွက်ချက်နှင့် တိုးတက်မှုများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ၂၀၂၂ ခုနှစ်အတွင်း အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASEAN Digital Senior Officials’ Meeting–ADGSOM) နှင့် အာဆီယံဆက်သွယ်ရေး ဥပဒေပြုသူများကောင်စီ အစည်းအဝေး (ASEAN Telecommunication Regulators’ Council Meeting – ATRC) အောက်မှ ဆောင်ရွက်ရန်ရှိသည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ နေပြည်တော် ကြေညာချက် (Nay Pyi Taw Declaration) အား မှတ်တမ်းတင်ခြင်းနှင့် ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ် ဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက် (Joint Media Statement) အပေါ် ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ကာ အစည်းအဝေး ပထမနေ့အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

အာဆီယံအနေဖြင့် ၂၀၀၁ ခုနှစ်မှ စတင်၍ ဝန်ကြီးများအဆင့် အစည်းအဝေးများကို **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး (Telecommunications and Information Technology Ministers’ Meeting–TELMIN)”** အမည်ဖြင့် (၁၉) ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်မှစ၍ အဆိုပါ အစည်းအဝေးအား **“အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး (ASEAN Digital Ministers’ Meeting–ADGMIN)”** အဖြစ် အမည်ပြောင်းလဲ ကျင်းပခဲ့သည်။ အစည်းအဝေးများအား အက္ခရာစဉ်အလိုက် အလှည့်ကျလက်ခံကျင်းပခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်တွင် အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် (၁၁) ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်တွင် တစ်ကြိမ်လက်ခံကျင်းပခဲ့ပြီး ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ဝန်ကြီးများအဆင့် အစည်းအဝေးဖြစ်ကြောင်း သိရသည်။

ယခုနှစ် အစည်းအဝေးကို အာဆီယံစီးပွားရေး၏ အလုံးစုံဖွံ့ဖြိုးတိုးတက်မှုများတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း၏ အရေးပါမှုကို အသိအမှတ်ပြုပြီး ဒေသတွင်း ကိုဗစ် – ၁၉ ကူးစက်ရောဂါကြောင့် ခံစားခဲ့ရသော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို လျော့ပါးသက်သာစေရန်၊ အာဆီယံဒစ်ဂျစ်တယ် မဟာဗျူဟာ ၂၀၂၅ တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အကြောင်းအရာများ၊ ဒေသတွင်း ဒစ်ဂျစ်တယ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရန်နှင့် အကြိမ် (၂၀) မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ (ASEAN Economic Community Council – AECC) အစည်းအဝေးက အတည်ပြုခဲ့သော ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး အစီအစဉ်အား အကျိုးရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ် ကျင်းပခြင်းဖြစ်သည်။

ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ် ဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ ဒုတိယနေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပတ်ဝန်းကျင်ကောင်းများ ဖန်တီး

ကျောင်းသား၊ ကျောင်းသူများ အားကစားပြုလုပ်နိုင်စေရန်အတွက် အားကစားကွင်းများနှင့် အားကစားရုံများအား စနစ်တကျဖြင့် တည်ဆောက်ပေးထားရန်လိုကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများ၊ အတတ်ပညာကောင်းများနှင့် တွေးတောကြံဆမှုများရှိစေရန် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တက္ကသိုလ်ပညာသင်ကြားနေစဉ်အတွင်း စာပေပညာ သင်ကြားခြင်းကိုသာမက ဘဝအတွက် အတွေ့အကြုံများ ရရှိရေးအတွက်လည်း လေ့ကျင့် ဆောင်ရွက်ပေးရန်လိုသဖြင့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီး၍ ကျောင်းသား၊ ကျောင်းသူများ အမြင်ကျယ်လာစေရေး ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများက Fitness Dance သရုပ်ပြဖျော်ဖြေစဉ်။



(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ သရုပ်ပြလေ့ကျင့်နေစဉ်။

❐ *ကျော်ဖုံးမှ*

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခင်းကျင်းပြသရန်နှင့် လုံခြုံရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ သို့ရောက်ရှိပြီး ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဗိုဗီနမ်၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ပိုက်ကျော်ခြင်း လက်ရွေးစင် အားကစားအဖွဲ့များ၏ သရုပ်ပြလေ့ကျင့်နေမှုနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများ၏ Fitness Dance သရုပ်ပြဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးသည်။

**လာရောက်ကြည့်ရှုလေ့လာနိုင်**

စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ ဗဟုသုတရရှိစေမည့် မြန်မာနိုင်ငံ၏ သမိုင်းဝင်စာချုပ်စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများပြခန်း၊ စာပေတိုက်အသီးသီးက ထုတ်ဝေထားသည့် စာအုပ်စာစောင်များနှင့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိများပြခန်း၊ ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ အသိပညာပေးပြခန်း၊ ရေကြောင်းပညာရပ်၊ လေကြောင်းပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်းများ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အသိပညာပေးပြခန်း၊ ပန်းချီ အနုပညာပြခန်း စသည်ဖြင့် ပြခန်းပေါင်း ၄၀ ကျော် ခင်းကျင်းပြသမည်ဖြစ်ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၏ ဖျော်ဖြေမှုအစီအစဉ်များလည်း ပါဝင်ကြောင်းနှင့် ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းလာသည့်အတွက် တိုက်ပွဲရှောင်ပြည်သူများ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကယားပြည်နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ KNPP အဖွဲ့ အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ထိတွေ့တိုက်ပွဲများကြောင့် တိုက်ပွဲဖြစ်ပွားရာနေရာများနှင့် လွတ်ကင်းသည့်နေရာများသို့ တိမ်းရှောင်လျက်ရှိသည့် လွိုင်ကော်မြို့ပေါ်အပါအဝင်



အဆိုပါဒေသတစ်ဝိုက်မှ အပြစ်မဲ့ပြည်သူများအား နယ်မြေပြန်လည် တည်ငြိမ်အေးချမ်းပြီဖြစ်သည့် ၎င်းတို့၏နေရာဒေသများ၌ ပြန်လည်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွိုင်ကော်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူ ၄၃၉ ဦးတို့သည် ၎င်းတို့နေရပ်အသီးသီးသို့ ထပ်မံပြန်လည်ဝင်ရောက်နေထိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ပြန်လည်ဝင်ရောက်လာသည့် တိုက်ပွဲရှောင်ပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျလက်ခံပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကယားပြည်နယ်အတွင်း NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှ စတင်၍ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ KNPP အဖွဲ့အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အဆိုပါဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၂ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ရာ နယ်မြေတည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိလာသဖြင့် ဈေးများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်၍ အေးချမ်းတည်ငြိမ်စွာ ရောင်းဝယ်ဖောက်ကားလျက်ရှိသည့်အပြင် ဘုရား၊ စေတီများနှင့် အခြားဘာသာရေးကျောင်းများ၌လည်း ဘုရားဖူးဝတ်ပြုဆုတောင်းသူများနှင့် ပုံမှန်အတိုင်း သွားလာလှုပ်ရှားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❋ ငြိမ်းချမ်းသာယာ အေးချမ်းဖို့ ပြည်ထောင်စုစိတ်ဓာတ် မွေးကြစို့။

# လူငယ်နှင့်စာပေပွဲတော်အတွက် ပြင်ဆင်ထားမှု ပုံရိပ်များ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ အဆိုပါပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ ဗဟုသုတရရှိစေမည့် မြန်မာနိုင်ငံ၏ သမိုင်းဝင် စာချုပ်စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများပြခန်း၊ စာပေတိုက်အသီးသီးက ထုတ်ဝေထားသည့် စာအုပ်စာစောင်များနှင့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိများပြခန်း၊ ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ အသိပညာပေးပြခန်း၊ ရေကြောင်းပညာရပ်၊ လေကြောင်းပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်းများ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာပေးပြခန်း၊ ပန်းချီ အနုပညာပြခန်းများအပါအဝင် ပြခန်းပေါင်း ၄၀ ကျော် ခင်းကျင်းပြသမည်ဖြစ်ပြီး ပြင်ဆင်ဆောင်ရွက်ထားမှုများကို စုစည်းဖော်ပြလိုက်ပါသည်။






















# လူငယ်နှင့်စာပေပွဲတော်

✳ စာပေပွဲတော် ဆင်နွှဲပျော်ပြီ
ပျော်ပွဲသက်သက် မရောယှက်နှင့်
မျိုးဆက်လူငယ် နောင်ဝယ်လူကြီး
ခွန်အားကြီးအောင် ကြံဆောင်ကြိုးပမ်း
လူငယ်လမ်းကို မျှော်မှန်းချင့်တွေး
စာရေးစာဖတ် သိမှတ်ပွားကာ
အားသွန်ခွန်စိုက် ပြုလိုက်ကြစို့
လူငယ်တို့လမ်း မျှော်ရည်မှန်းကာ
အနာဂတ်ဦးဆောင် လူငယ်မောင်။

✳ ယနေ့ခေတ်မီ အိုင်တီပညာ
ထွန်းကားလာတော့ လူ့ရွာလူ့ဘောင်
ချည်နှောင်တုပ်ထား အချိန်အားတိုင်း
လက်အားမနေ ဖုန်းပွတ်နေကြ
စိတ်ကဝင်စွက် အင်တာနက်နှင့်
နှစ်သက်ဖွေ့ဘွတ် မလွတ်စကား
စိတ်ထားမမှန် ရှိကြပြန်လျှင်
အမှန်တွေးဖုံး ဆုံးရှုံးတွေးခေါ်
ပေါ်ပင်ကိုလိုက် စိတ်မိုက်စိတ်ရိုင်း
ထင်တိုင်းကြဲကြ ဖြစ်ကြလေသော်
ဘဝလည်းပျက် လူငယ်ခက်မည်။

✳ သို့ကြောင့်ခုနေ စာပေပွဲတော်
နွှဲပျော်စေရ ငယ်ဘဝဝယ်
ရှာကြပညာ ဖတ်ကြပါလော့
ထပ်ခါတိုက်တွန်း အားသစ်သွန်းဖို့
ဖြစ်ထွန်းစေရေး စဉ်မျှော်တွေးလျက်
လူငယ်နှင့်စာပေ ပွဲတော်လေ
နွှဲပျော်လို့နေ လူငယ်တွေ။ ။

(ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် လူငယ်နှင့်စာပေပွဲတော်အား ကြိုဆိုလျက်)

ဘိုမျိုး(ရွှေဘို)

# လူငယ်နှင့် စာပေပွဲတော်တွင် ပြခန်းပေါင်း ၄၀ ကျော် ပါဝင်ပြသသွားမည်

နေပြည်တော် ဇန်နဝါရီ ၂၇

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြခန်းပေါင်း ၄၀ ကျော် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။**

ပြခန်းများတွင် မြန်မာနိုင်ငံ၏ သမိုင်းဝင် စာချုပ်စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများ ပြခန်း၊ စာပေတိုက်အသီးသီးက ထုတ်ဝေထားသည့် စာအုပ်စာစောင်များနှင့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိများ ပြခန်း၊ ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ အသိပညာပေးပြခန်း၊ ရေကြောင်းပညာရပ်၊ လေကြောင်း ပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်းများ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အသိပညာပေးပြခန်း၊ ပန်းချီ၊ အနုပညာပြခန်းများကို ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။



လူငယ်နှင့်စာပေပွဲတော်တွင် ဝန်ကြီးဌာနအလိုက်ပြသမည့် အသိပညာပေးပြခန်းများကို တွေ့ရစဉ်။

"ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက အခြေခံပညာနဲ့ အဆင့်မြင့်ပညာဦးစီးဌာန နှစ်ခုပေါင်းပြီး ဝန်ကြီးဌာနကိုယ်စားရွှေ့နိုင်ပြောင်းနိုင်သော သိပ္ပံနှင့်နည်းပညာပြတိုက်နဲ့ မြန်မာပြည်ရဲ့ ရှားပါးလိပ်ပြာပြခန်းကို ပြသသွားမှာ ဖြစ်ပါတယ်" ဟု ပြခန်းတာဝန်ခံ အ.ထ.က (၁၆) ကျောင်းအုပ်ကြီး ဒေါက်တာ သန်းထိုက်စိုးက ပြောသည်။

သုံးရက်တာ ကျင်းပပြုလုပ်မည့် လူငယ်နှင့်စာပေပွဲတော်တွင် စာပေဆိုင်ရာ လုပ်ရှားမှုတစ်ခုအဖြစ် အသိပညာပေးပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ ထည့်သွင်းပြသရောင်းချပေးသွားမည်ဖြစ်သည်။ ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ဦးစီးဌာနမှ စာပေဗိမာန်စာအုပ်အရောင်းပြခန်းကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ အရောင်းပြခန်းနှင့် ပတ်သက်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ဦးစီးဌာနမှ ဒုတိယစာတည်းမှူးချုပ် ဦးရဲနိုင်က "စာပေဗိမာန်စာအုပ်အရောင်းဆိုင်ပြခန်းမှာဆိုရင် ဘာသာရပ်အလိုက် စာပေဗိမာန်စာပေဆုရစာအုပ်တွေ၊ သုတ၊ ရသနဲ့ ဘာသာရပ်ဆိုင်ရာ စာအုပ်တွေကို စုံစုံလင်လင် ပြသရောင်းချသွားမှာဖြစ်ပါတယ်။ စာပေဗိမာန်က ထုတ်ဝေတဲ့ မြန်မာ့စွယ်စုံကျမ်း၊ ပြန်လည်ထုတ်ဝေတဲ့ စာရေးဆရာကြီးများရဲ့ စာကောင်းပေကောင်း လက်ရာမွန်များကို ပြန်လည်ဆန်းသစ်ထုတ်ဝေထားတဲ့ စာအုပ်တွေ၊ ပြင်ပစာပေတိုက်တွေက ထုတ်ဝေတဲ့ စာအုပ်များကိုလည်း ခင်းကျင်းရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ သုတ၊ ရသစုံလင်တဲ့အတွက် စာဖတ်သူတွေအနေနဲ့ စာပေဗဟုသုတတွေ စာပေအသိဉာဏ်တွေ ရရှိသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

စာပေဗိမာန် အရောင်းပြခန်းတွင် ရသစာအုပ်များ၊ ဥပဒေစာအုပ်များ၊ စာပေဆုရစာအုပ်များ၊ ဘဝအောင်မြင်ရေး စာအုပ်များ၊ ကျန်းမာရေးကဏ္ဍ စာအုပ်များ၊ ပညာရပ်ဆိုင်ရာ စာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ ဘာသာရေးစာအုပ်များ၊ စာရေးဆရာကြီးများ၏ အတ္ထုပ္ပတ္တိစာအုပ်များ၊ အနုပညာစာအုပ်များ၊ ဆောင်းပါးများ၊ သမိုင်းစာအုပ်များ၊ လူငယ်များအတွက် ရုပ်ပြစာအုပ်များ၊ စီးပွားရေး စီမံခန့်ခွဲမှုစာအုပ်များနှင့် ခရီးသွားစာပေများကို ခင်းကျင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ လေကြောင်းဝါသနာရှင်များ အသင်းဥက္ကဋ္ဌ ပြခန်းတာဝန်ခံ ဦးအောင်ကျော်ငြိမ်းက "မြန်မာနိုင်ငံက လူငယ်တွေ လေကြောင်းပညာ စိတ်ဝင်စားလာစေဖို့၊ ခေတ်ပေါ်နည်းပညာတွေ လေ့လာလိုက်စားပြီး အနာဂတ် နိုင်ငံတော်အတွက် အကျိုးရှိတဲ့ တကယ်ကို အထောက်အကူပြုမယ့် လူ့စွမ်းအားအရင်းအမြစ်တွေ ပေါ်ထွန်းလာဖို့နဲ့ မြန်မာနိုင်ငံမှာ မရှိသေးတဲ့ အရပ်ဘက်မှာ ပျံသန်းရေး (Fly Class) ပေါ်ထွန်းလာရေးကို ရည်ရွယ် ပြသခြင်း ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ လေကြောင်းပညာရပ်ဆိုင်ရာ ပြခန်းတွင် လေကြောင်းသုတ သမိုင်းအစပြခန်း၊ ကောင်းကင်ယံစစ် သမိုင်းသစ်ပြခန်း၊ သမိုင်းတွင်ကျန်ရစ် လေယာဉ်ရွှေခေတ် ပြခန်း၊ စိုးမိုးကောင်းကင် ဒုတိယစစ်ဝေဟင်ပြခန်း၊ စစ်ပြီးခေတ် ဆန်းသစ်ဝေဟင်ပြခန်း၊ လေကြောင်းစွမ်းအား ကမ္ဘာတစ်လွှား ပြခန်း၊ မျိုးပေါင်းစုံစွာ လေယာဉ်ကမ္ဘာပြခန်း၊ လေကြောင်းသုတလေ့လာကြစို့ပြခန်း၊ လူမဲ့လေယာဉ်ခေတ်ဝေဟင်ပြခန်း၊ ကိုယ်တိုင်ပျံသန်း မောင်းကာစမ်းပြခန်း၊ ပျံသာပျံပါ ထက်အာကာ ပြခန်းများ ပါဝင်ကြောင်း သိရသည်။

ယခုပွဲတော်ကို မြန်မာနိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများနှင့် လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ လူငယ်များ၏ တီထွင်ဖန်တီးလိုစိတ် ရင့်သန်လာစေရန်နှင့် စာပေဖတ်ရှု လေ့လာလိုစိတ် မြင့်မားလာစေရန်၊ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရန်နှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက် အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်းဟန်၊ ဂျိုင်းလော**
**ဓာတ်ပုံ–ကျော်ရဲဆွေ**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ

ဦးအောင်

**၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဖြစ်သည်။ ထိုနေ့သည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည့်နေ့တစ်နေ့ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာသက်သေပြနိုင်သည့် သမိုင်းမှတ်တိုင်စိုက်ထူခြင်းကြောင့် နိုင်ငံအတွက် တန်ဖိုးအနဂ္ဃ ထိုက်တန်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို စတင်မွေးဖွားသန့်စင်ပေးလိုက်သော နေ့ထူးနေ့မြတ်ဖြစ်သည်ဟု ဆိုရပေမည်။**

**ပင်လုံစာချုပ်နှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှု**

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံတို့ အကြိမ်ကြိမ်ဆွေးနွေးကြပြီးနောက် တောင်တန်းနှင့် မြေပြန့်တစ်ပေါင်းတည်း လွတ်လပ်ရေးယူမည်ဟူသော ဆွေးနွေးဆုံးဖြတ်ချက် ချမှတ်ကြသည့် ပင်လုံစာချုပ်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားမျိုးချစ်ခေါင်းဆောင်များ၏ ကြိုးပမ်းမှု၊ တိုင်းရင်းသားပေါင်းစုံတို့၏ စည်းလုံးညီညွတ်မှုတို့ကြောင့် ပင်လုံစာချုပ်ကြီးပေါ်ပေါက်လာခဲ့ရသည်။ ပင်လုံစာချုပ်ချုပ်ဆိုပြီး နောက်တစ်နှစ်အတွင်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ပြည်ထောင်စုစိတ်ဓာတ်၏တန်ဖိုးသည် နှိုင်းဆမရအောင်ကြီးမားသည်(ဝါ) တန်ဖိုးအနဂ္ဃထိုက်တန်သည်ကို တွေ့ကြရမည် ဖြစ်သည်။

ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်ကို ပြည်ထောင်စုနေ့ဟုသတ်မှတ်ကာ နိုင်ငံတော်က အခမ်းအနားများ နှစ်စဉ်ကျင်းပလာခဲ့သည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအရေးကြီးပုံ**

တိုင်းရင်းသားလူမျိုးအသီးသီး ပူးပေါင်းနေထိုင်ကြသော ဤပြည်ထောင်စုကြီးသည် နိုင်ငံတော်၏ အသက်ပင်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ သတ်မှတ်ထားသော ပထဝီမြေပြင်ပေါ်တွင် ပေါက်ဖွားကြသည့် ပြည်ထောင်စုသားများ၏ စုဝေးဆောင်ရွက်မှု အမှန်တကယ်လိုအပ်ပေသည်။ ညီညွတ်မှုမရှိ၊ တစ်ယောက်တစ်ပေါက်လုပ်ကြမည်ဆိုပါက အားလုံးပျက်စီးဆုံးရှုံးမှုရလဒ်သာရှိပြီး ညီညာဖြဖြ ဆောင်ရွက်ကြပါလျှင် အားလုံးအကျိုးရှိမည် ဖြစ်သည်။

**စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အရေးကြီးပုံ**

စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေတည်းနေတစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်း မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင် ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ် ပျက်ပြားလာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါ ပြိုကွဲပြီး အချုပ်အခြာအာဏာပါ ဆုံးရှုံးနိုင်သည်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သတိချပ်ရပေမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများဖြင့် စုပေါင်းဖွဲ့စည်းထားသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော ပြည်ထောင်စုတိုင်းရင်းသားများ နေထိုင်သော ပြည်ထောင်စုနိုင်ငံတော်ဖြစ်သည်။



ထို့ကြောင့် နိုင်ငံ၏အင်အားမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ပေါင်းစည်းညီညွတ်မှုနှင့် မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ စိတ်ရောကိုယ်ပါ ခိုင်မာသော စည်းလုံးညီညွတ်ခြင်းသာလျှင် အရင်းခံပဓာနဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း အင်အားသည်သာ စစ်မှန်သော ပြည်သူ့အင်အားဖြစ်၍ ထိုစစ်မှန်သော ပြည့်အင်အားသည်လည်း ပြည်တွင်းမှာသာ ရှိသည်။ သို့ဖြစ်ရာ ပြည့်အင်အားကို ပြည်တွင်းမှာသာ တည်ဆောက်ရယူအပ်ပေသည်။

ပြည်တွင်းအင်အားကို တည်ဆောက်ရာတွင် အတိတ်သမိုင်းတွင်စွဲထင်ခဲ့သော မုန်းစရာ၊ နာစရာတို့ကို ချေဖျက်ပစ်ကြပြီး ဖြူစင်သော စိတ်ထား၊ ရိုးသားသောအတွေးအမြင်တို့ဖြင့် တစ်ဦးကို တစ်ဦး ကောင်းကျိုးလိုလား၊ စေတနာပွားကာ၊ မေတ္တာရှေ့ထားတွေးခေါ်လုပ်ကိုင်ကြရန် လိုအပ်ပေသည်။ ပြည်ထောင်စုနိုင်ငံဖြစ်သည့်အလျောက် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ စည်းလုံးညီညွတ်ချစ်ကြည်မှု စိတ်ဓာတ်(ဝါ) စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်သည် မရှိမဖြစ် လိုအပ်ပါသည်။ ထိုစိတ်ဓာတ်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အသက်သွေးကြောသဖွယ် အရေးကြီးလှပါသည်။

တစ်တိုင်းပြည်လုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေစေရန် ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးတည်ချက် (၉) ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပြီဖြစ်သဖြင့် ထိုလုပ်ငန်းစဉ်များ ပေါက်မြောက်အောင်မြင်အောင် နိုင်ငံတော်အစိုးရဝန်ကြီးဌာနအသီးသီးက မနားမနေ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်နေရပြီ ဖြစ်သည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ကြီး (၂၀၂၁)ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အောက်ပါအတိုင်း လမ်းညွှန်မှာကြားခဲ့သည်–

“ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာစေရေး လုပ်ငန်းစဉ်နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ခြင်းလုပ်ငန်းများမှာ တိုင်းရင်းသားအားလုံး၊ သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြပါ။”

“နိုင်ငံတော်မှာ လိုအပ်လျက်ရှိတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာလာစေရေးနဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေဖို့အတွက် တိုင်းရင်းသားပြည်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါ။”

“တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါ။”

“တိုင်းရင်းသားများရဲ့ မတူကွဲပြားမှုများကို အပြန်အလှန်အသိအမှတ်ပြု လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြပါ။”

အထက်ပါ အချက်များသည် ပြည်ထောင်စုကြီး (ပြည်ထောင်စုအမွေ) အစွန်ရှည်တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာဝပြောရေးနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ခိုင်မာရေးတို့အတွက် စွဲမြဲစွာလက်ခံထားပြီး လုပ်ကိုင်ဆောင်ရွက်ရမည့် ပြည်ထောင်စုသားအားလုံးတို့၏ တာဝန်ဖြစ်သဖြင့် တိုင်းရင်းသားပြည်သူအားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်သာ လိုပေတော့သည်။

သို့မှသာ မတူကွဲပြားမှုများကို အပြန်အလှန်အသိအမှတ်ပြုလေးစားလိုက်နာပြီး ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကိုခိုင်မာစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်စနစ်ကို တည်ဆောက်ရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

ထို့အပြင် မျက်မှောက်ကာလရာစုသစ်တွင် ကိုလိုနီ သူငယ်နာမစင်သေးသော အင်အားကြီးနိုင်ငံတို့သည် ၁၉ ရာစုကဲ့သို့မဟုတ်တော့ဘဲ ၎င်းတို့၏ ဗီဇလက္ခဏာအရ တတိယနိုင်ငံများအပေါ် ဗိုလ်ကျစိုးမိုးရေးနှင့် ကြီးနိုင်ငယ်ညှဉ်းဝါဒတို့ဖြင့် ၎င်းတို့ကြိုးဆွဲရာ ကရမည့် ရုပ်သေးရုပ်သဖွယ်ဖြစ်အောင် စီးပွားရေး၊ ငွေရေးကြေးရေး၊ အတွေးအခေါ်၊ ယဉ်ကျေးမှုစသည်တို့ဖြင့် အဘက်ဘက်က လွှမ်းမိုးခြယ်လှယ်လာသကဲ့သို့ အင်အားချည့်နဲ့နေစေရေးအတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ကင်းမဲ့နေအောင်၊ စည်းလုံးညီညွတ်မှု ပြိုကွဲနေအောင်၊ တစ်ဦးနှင့် တစ်ဦး သံသယအငြိုးဖြင့် မုန်းတီးနေအောင်၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ပျက်စီးနေအောင်နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လာသည်ကို တွေ့ကြရပေသည်။

ကိုလိုနီလက်သစ်ဝါဒီတို့၏ ပရိယာယ်ဝေ့ဝစ်ကို လျှော့မတွက်ဘဲ မပြတ်သောအမျိုးသားရေးသတိဖြင့် အဖျက်အမှောင့် လုပ်ဆောင်မှုများကို တိုက်ဖျက်ရင်း၊ အမျိုးသားရေးကိုယ်ခံအားအစစ်အမှန်ဖြစ်သည့် မျိုးချစ်စိတ်ဓာတ်နှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့၏ သွေးစည်းညီညွတ်သည့် အစဉ်အလာကောင်းကို အမြဲထာဝရတည်ဆောက် ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် လွတ်လပ်ရေးအတွက် အသက်သွေး၊ ချွေးတို့ အမြောက်အမြား ပေးဆပ်စတေး၍ ရင်းနှီးတည်ဆောက်ထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို ကျွန်ုပ်တို့ ဘိုးဘွားများက ကျွန်ုပ်တို့အား အမွေအနှစ်အဖြစ် လက်ဆောင်ပေးအပ်ထားရာ ထိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တည်းဟူသော ဘိုးဘွားအမွေအနှစ်ကို အသက်နှင့်ထပ်တူ ချစ်ခင်မြတ်နိုးပြီး အမြဲတည်တံ့နေစေရန် အသက်ပေး၍ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရပါမည်။

“တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ တို့ပြေ၊ တို့မြေ၊
များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှဝါဒ ဖြူစင်တဲ့ပြေ၊ တို့ပြေ၊ တို့မြေ၊

ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ” ဟူသော မြန်မာ့အသံရေဒီယိုမှ နေ့စဉ်နံနက်တိုင်း၌ ထုတ်လွှင့်ပေးလျက်ရှိသည့် နိုင်ငံတော်သီချင်း (ခြေဆင်း) ဖြင့် တိုက်တွန်းရေးသားတင်ပြရင်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသတည်း။ ။

**“တိုင်းရင်းသားလူမျိုးအသီးသီး ပူးပေါင်းနေထိုင်ကြသော ဤပြည်ထောင်စုကြီးသည် နိုင်ငံတော်၏ အသက်ပင်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ သတ်မှတ်ထားသော ပထဝီမြေပြင်ပေါ်တွင် ပေါက်ဖွားကြသည့် ပြည်ထောင်စုသားများ၏ စုဝေးဆောင်ရွက်မှု အမှန်တကယ်လိုအပ်ပေသည်။ ညီညွတ်မှုမရှိ၊ တစ်ယောက်တစ်ပေါက် လုပ်ကြမည်ဆိုပါက အားလုံးပျက်စီးဆုံးရှုံးမှုရလဒ်သာရှိပြီး ညီညာဖြဖြ ဆောင်ရွက်ကြပါလျှင် အားလုံးအကျိုးရှိမည် ဖြစ်သည်”**

# အိုမီခရွန်ရောဂါပိုးခါတ်ခွဲနမူနာ ၂၈ ခု တွေ့ရှိ

## SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၂၇-၁-၂၀၂၂) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာပြီး ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် (၂၇-၁-၂၀၂၂) ရက်နေ့က ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ (၂၈) ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား (၂၈) ဦးမှာ Relief Flight များဖြင့် ဝင်ရောက်လာသူများဖြစ်ပြီး ထိုင်းနိုင်ငံမှ (၇) ဦး၊ မလေးရှားနိုင်ငံမှ (၇) ဦး၊ စင်ကာပူနိုင်ငံမှ (၆) ဦး၊ ကိုရီးယားနိုင်ငံမှ (၃) ဦး၊ ယူအေအီးနိုင်ငံမှ (၂) ဦး၊ အိန္ဒိယနိုင်ငံမှ (၂) ဦးနှင့် ဂျပန်နိုင်ငံမှ (၁) ဦး တို့ဖြစ်ကြပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်း လုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

✳ နိုင်ငံတော်အတွက် ဥမကွဲ သိုက်မပျက် ပြည်ထောင်စု စိတ်ဓာတ်နဲ့ ဒို့ဆောင်ရွက်။

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စီးပွားရေးရာဝန်ကြီးများ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီ ပြန်လည်ဖွဲ့စည်းမှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးသည့် အခြေအနေများ၊ ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီ တတိယအကြိမ် အစည်းအဝေးမတိုင်မီ နှစ်ဖက်လုပ်ငန်း အဖွဲ့အဆင့် အစည်းအဝေး ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားသည်။ (ဓါတ်ပုံ)

ထို့နောက် တက်ရောက်လာကြသည့် ပူးတွဲကော်မတီအဖွဲ့ဝင်များမှ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီအောက်တွင် ဖွဲ့စည်းထားရှိသည့် လုပ်ငန်းအဖွဲ့များ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ညှိနှိုင်းပေါင်းစပ်ရန် လိုအပ်သည်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ရှေ့လုပ်ငန်းစဉ်များ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရေး၊ Early Harvest စီမံကိန်းများကို သတ်မှတ်ထားသည့် အချိန်ကာလများအတိုင်း ဆောင်ရွက်ပြီးစီးနိုင်ရေးတို့အတွက် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်း စုပေါင်းတံခွန်စိုက်ဆုဆွတ်ခူး

နေပြည်တော် ဇန်နဝါရီ ၂၇

**မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက် ၆ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။**



ယနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် သုံးဆင့်ခုန် (အမျိုးသမီး)၊ လုံတံပစ် (အမျိုးသား)၊ သံလုံးပစ် (အမျိုးသမီး)၊ သုံးဆင့်ခုန် (အမျိုးသား)၊ မီတာ (၁၀၀) တန်းကျော် (အမျိုးသမီး)၊ မီတာ (၁၁၀) တန်းကျော် (အမျိုးသား)၊ မီတာ (၁၀၀) (အမျိုးသား/အမျိုးသမီး) အပြေး၊ မီတာ (၁၀၀x၄) လက်ဆင့်ကမ်း (အမျိုးသား/အမျိုးသမီး)၊ မီတာ (၄၀၀x၄) လက်ဆင့်ကမ်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ (အမျိုးသမီး) သုံးဆင့်ခုန်ပြိုင်ပွဲ၊ (အမျိုးသား) လုံတံပစ်ပြိုင်ပွဲ၊ (အမျိုးသမီး) သံလုံးပစ်ပြိုင်ပွဲ၊ (အမျိုးသမီး) မီတာ(၁၀၀) တန်းကျော်ပြေးပြိုင်ပွဲ၊ (အမျိုးသား) မီတာ(၁၁၀) တန်းကျော်ပြေးပြိုင်ပွဲများတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းအုပ်ချုပ်သူများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

(အမျိုးသမီး) မီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် (အမျိုးသား/အမျိုးသမီး) မီတာ(၁၀၀x၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသွားသော တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသွားသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန တာဝန်ရှိသူများကလည်းကောင်း။

(အမျိုးသား) မီတာ(၁၀၀) အပြေးပြိုင်ပွဲ၊ (အမျိုးသား) သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းက လည်းကောင်း။

(အမျိုးသမီး) မီတာ(၄၀၀x၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသွားသော တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသွားသော ရှမ်းပြည်နယ်အသင်း၊ တတိယဆု ရရှိသွားသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း။

(အမျိုးသား) မီတာ(၄၀၀x၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသွားသော စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသွားသော တနင်္သာရီတိုင်းဒေသကြီးအသင်း၊ တတိယ ဆုရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း။

ရွှေ (၁၂)ခု၊ ငွေ (၅)ခု၊ ကြေး (၃)ခုဖြင့် (အမျိုးသမီး) တံခွန်စိုက်ဆု ရရှိသွားသော တနင်္သာရီ တိုင်းဒေသကြီးအသင်း၊ ရွှေ (၁၀)ခု၊ ငွေ (၁)ခု၊ ကြေး (၁)ခုဖြင့် (အမျိုးသား) တံခွန်စိုက်ဆု ရရှိသွားသော တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရွှေ (၂၂)ခု၊ ငွေ (၆)ခု၊ ကြေး (၄)ခုဖြင့် စုပေါင်းတံခွန်စိုက်ဆု ရရှိသွားသော တနင်္သာရီတိုင်းဒေသကြီးအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ “မောသစ်”ရွှေဆိုင်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ “ဝိန့်လီ” ရွှေဆိုင်တို့ကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းနှင့် ငွေများ ဓားပြတိုက်၊ လုယက်ယူဆောင်သွားသူများကို ဒုစရိုက်မှုမလိုလားသည့် ပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ “မောသစ်”ရွှေဆိုင်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ “ဝိန့်လီ” ရွှေဆိုင်တို့ကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းများနှင့် ငွေများ ဓားပြတိုက်၊ လုယက်ယူဆောင်သွားသူများကို ဒုစရိုက်မှု မလိုလားသည့် ပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် ၆၂ လမ်းနှင့် ၁၃၄ လမ်းထောင့်၊ စက်မှု(၁) ဈေးတိုက်တန်း၊ အခန်းအမှတ်(D-3)ရှိ “မောသစ်”ရွှေဆိုင်အား အကြမ်းဖက်သူ အမျိုးသားလေးဦး(စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်၍ ဆိုင်အတွင်းရှိ မှန်ဗီရိုအား ရိုက်ခွဲကာ ဆွဲကြိုး အကုံး ၃၀၊ လက်ကောက် ၃၄ ကွင်း၊ ဟန်းချိန်း ၁၂ ခု၊ ရွှေကလစ် ၁၇ ခု၊ နားကပ် ၅၂ ရန်၊ ပီချူးရုပ် တစ်ခု၊ စုစုပေါင်းရွှေ ၆၅ ကျပ်သား ၉ ပဲ ၄ ရွေး (ကာလတန်ဖိုး ငွေကျပ်သိန်း ၁၁၈၀ ခန့်) တို့ကို လုယက်ယူဆောင်သွားသဖြင့် ရွှေထည်ပစ္စည်းများပါဆုံးသွားခဲ့ပြီး ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ဖြူဖွေး(ခ)ဖြိုးသန္တာအောင် (၃၃) နှစ်တွင် ယာလက်မောင်းကျည်ရှပ်ထိဒဏ်ရာ နှစ်ချက် ရရှိခဲ့သဖြင့် ပြည်ကြီးတံခွန်မြို့နယ် စက်မှုရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၁၄ ဖြင့်လည်းကောင်း။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် လမ်း ၈၀ ၂၉ လမ်းနှင့် ၃၀ လမ်းကြားတွင် ဖွင့်လှစ်ထားရှိသော “ဝိန့်လီ”ရွှေဆိုင်သို့ ဆိုင်ကယ်သုံးစီးဖြင့် အမျိုးသား ခြောက်ဦး ရောက်ရှိလာပြီး ပစ္စတိုသေနတ်နှစ်လက်ဖြင့် ငါးချက် ပစ်ဖောက်၍ ရွှေဆိုင်ဝန်ထမ်းများနှင့် ဆိုင်အတွင်း ရောက်ရှိနေသူများအား မှောက်ခိုင်းကာ ရွှေရောင်းချသည့် ကောင်တာ ခုနစ်ခုကို ရိုက်ခွဲဖျက်ဆီးခဲ့ပြီး ရွှေဆွဲကြိုး အကုံး ၁၈၀၊ ရွှေလက်ကောက် ခြောက်ကွင်း၊ စိန်လက်ကောက် ၁၁ ကွင်း၊ ဟန်းချိန်း ၅၄ ခု၊ စိန်ဆွဲသီးငါးခု (ကာလတန်ဖိုးငွေကျပ် သိန်း ၁၅၀၀၀)ကို ယူဆောင်ပြီး ဆိုင်အတွင်း ရွှေဝယ်ရန် ရောက်ရှိနေသူ အမျိုးသမီးတစ်ဦးအား သေနတ်ဖြင့် ချိန်ရွယ်ခြိမ်းခြောက်ကာ ငွေကျပ် ၁၀ သိန်းအား လုယူပြီး ဆိုင်ကယ်များဖြင့် မောင်းနှင်ထွက်ပြေးသွားသဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ် (၈)မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

**မသင်္ကာဖွယ်အချက်အလက်များရရှိခဲ့**

ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် အထူးအမှုစစ်အဖွဲ့များ ဖွဲ့စည်းကာ စုံစမ်းရှာဖွေဖော်ထုတ်ခဲ့ရာ “ဝိန့်လီ” ရွှေဆိုင်အား ဝင်ရောက်ဓားပြတိုက်သူများနှင့် ဆက်စပ်သည့် မသင်္ကာဖွယ် အချက်အလက်များရရှိခဲ့ပြီး မဟာအောင်မြေမြို့နယ် (၈၆)လမ်း ၃၇ လမ်းနှင့် ၃၈ လမ်းကြားရှိ မြောင်ပွဲရုံပိုင်ရှင် သိန်းနိုင်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ သိန်းနိုင်ဦးမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ၎င်း၏ ဇနီးဖြစ်သူ မစန်းစန်းဌေးကို စစ်ဆေးအတည်ပြုခဲ့ရာ သိန်းနိုင်ဦးသည် ညီဝမ်းကွဲတော်စပ်သူ မောင်ဆန်(ခ)ဆန္ဒအောင်နှင့် အတူ ခရီးထွက်သွားကြောင်း သိရှိရသဖြင့် မောင်ဆန်(ခ) ဆန္ဒအောင် ၄ားရမ်းနေထိုင်သည့် နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ မောင်ဆန်(ခ) ဆန္ဒအောင်သည် မိသားစုနှင့်အတူ တိမ်းရှောင်လျက်ရှိပြီး နေအိမ်အတွင်းမှ “ဝိန့်လီ”ရွှေဆိုင် ဓားပြတိုက်မှုကျူးလွန်စဉ် ဝတ်ဆင်ခဲ့သည့် အဝတ်အထည်များ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**ဆက်လက်စုံစမ်းဖော်ထုတ်**

အထူးအမှုစစ်အဖွဲ့သည် “ဝိန့်လီ”ရွှေဆိုင် ဓားပြတိုက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုနှင့်ရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံကာ ကွင်းဆက်မပြတ် ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဓားပြတိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့ပြီး မြောင်မြို့နယ်၌ ကွမ်းယာဆိုင် ဖွင့်လှစ်ရောင်းချနေသူ ကိုမျိုး(ခ) မျိုးလင်းနိုင် (သိန်းနိုင်ဦး၏ တပည့်ဖြစ်သူ)ကို

*စာမျက်နှာ ၁၃ သို့*

၁၇-၁၀-၂၀၂၁ နေ့ ပြည်ကြီးတံခွန်မြို့နယ်၊ မောသစ်ရွှေဆိုင် လုယက်မှုမှ တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား






မြတ်သူဇာ (၃၅)နှစ်



အောင်နိုင်မိုး (၂၅)နှစ်



လုယက်မှုကျူးလွန်သည့် တရားခံများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းနှင့် သက်သေခံပစ္စည်းများ။



တရားခံ ဆန္ဒအောင် (ခ) မောင်ဆန်ထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ။

*စာမျက်နှာ ၁၂ မှ*

စစ်ကိုင်းမြို့ ကန်တလူစစ်ဆေးရေးဂိတ်၌ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးခဲ့ရာ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ “မောသစ်” ရွှေဆိုင်လုယက်မှုနှင့် ဒီဇင်ဘာ ၁၈ ရက် ချမ်းအေးသာစံမြို့နယ် “ဝိန့်လီ” ရွှေဆိုင်ဓားပြတိုက်မှု ဖြစ်စဉ်တို့တွင် ၎င်းကိုယ်တိုင် ပါဝင်ကျူးလွန်ခဲ့ကြောင်းနှင့် လုယက်မှုဖြစ်စဉ်များတွင် သိန်းနိုင်ဦး (ခ) မောင်သိန်း၊ မောင်ဆန် (ခ) ဆန္ဒအောင်၊ ထင်အောင်ကျော်၊ ဇော်ဇော်နိုင်၊ ဖြိုးမင်းနိုင်(ခ)ကိုဖြိုး၊ အငယ်လေး(ခ) အောင်ဖြိုးပိုင်၊ မောင်ဟိန်း(ခ)ဟိန်းကိုကိုတို့ ခုနစ်ဦး ပါဝင်ကျူးလွန်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိခဲ့ရသည်။

**ဖမ်းဆီးရမိရေးဆောင်ရွက်**

ဆက်လက်၍ အထူးအမှုစစ်အဖွဲ့သည် ပြစ်မှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ပရိမ္မကျေးရွာနေ မောင်ဟိန်း (ခ) ဟိန်းကိုကို (၂၈)နှစ်ကို ဆိုင်ကယ် တစ်စီးနှင့်အတူ ဇန်နဝါရီ ၁၇ ရက်တွင် မဟာအောင်မြေမြို့နယ်ရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ် လွပ်လပ်ရေးရပ်ကွက် အမှတ်(၅၈၈)နေ ထင်အောင်ကျော် (၃၁) နှစ်ကို ဆိုင်ကယ်တစ်စီး၊ ငွေကျပ် ၃၄၅၀၀၀ ကျပ်၊ “ဝိန့်လီ”ရွှေဆိုင်ဓားပြတိုက်ရာမှ ရရှိခဲ့သည့် ရွှေဆွဲကြိုး နှစ်ကုံးနှင့် လက်ကောက် သုံးကွင်းအား အရည်ကြိုထားသည့် ရွှေတုံး သုံးတုံးနှင့်အတူ ဇန်နဝါရီ ၁၈ ရက် ည ၇ နာရီခွဲတွင် တောင်ကြီးမြို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မရိုးကုန်းကျေးရွာနေသူများဖြစ်သည့် ဇော်ဇော်နိုင်(၃၀) နှစ်နှင့် ဖြိုးမင်းနိုင်(ခ)ကိုဖြိုး (၂၂)နှစ်တို့ကို “မောသစ်” ရွှေဆိုင်လုယက်စဉ်ရရှိခဲ့သည့် ရွှေဆွဲကြိုးအပြတ်တစ်ကုံး၊ “ဝိန့်လီ” ရွှေဆိုင် ဓားပြတိုက်စဉ်က ရရှိခဲ့သည့် ရွှေဆွဲကြိုး သုံးကုံးတို့နှင့်အတူ ဇန်နဝါရီ ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် ဇော်ဇော်နိုင်၏ နေအိမ်တွင်

## ၁၈.၁၂.၂၀၂၁ နေ့ ချမ်းအေးသာစံမြို့နယ် ဝိန့်လီရွှေဆိုင် လုယက်မှုမှ တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား




လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ မြို့နယ် အကြော်စုရပ်ကွက် (၃၇)လမ်းနှင့် (၃၈) လမ်းကြား (၈၅) လမ်းနှင့် (၈၆) လမ်းကြားနေ သိန်းနိုင်ဦး (ခ) မောင်သိန်း (၃၈) နှစ်နှင့် ၎င်း၏ တပည့်ဖြစ်သူ အောင်နိုင်မိုး (၂၅) နှစ်တို့ကို ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ၁၅ တောင့်၊ လက်ပစ်ဗုံး နှစ်လုံး၊ တိုက်ရာပါ ရွှေထည်ပစ္စည်းများနှင့်အတူ စစ်ကိုင်းမြို့ အိုးဘိုရပ်ကွက်၌ ဇန်နဝါရီ ၂၆ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် အလယ်ရပ်ကွက်နေ မောင်ဆန် (ခ) ဆန္ဒအောင်(၃၄)နှစ်၊ ဇနီးဖြစ်သူ မြတ်သူဇာ(၃၅)နှစ်နှင့် မြင်းမူမြို့နယ် ကုလားတန်းရပ်ကွက် မင်းရဲကျော်စွာရပ်နေ အောင်ဖြိုးပိုင်(ခ) အငယ်လေး(၂၃)နှစ်တို့ နှစ်ဦးကို စစ်ကိုင်းမြို့ ဇေယျာတိုးချဲ့ရပ်ကွက်၌ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ဆန် ငါးတောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ “မောသစ်”ရွှေဆိုင်အား လုယက်မှုကျူးလွန်ရာတွင် သိန်းနိုင်ဦး(ခ)မောင်သိန်းမှ ဦးဆောင်ကာ မောင်ဆန် (ခ) ဆန္ဒအောင်မှ (ဒုခေါင်းဆောင်) အဖြစ်လည်းကောင်း၊ ကိုမျိုး (ခ) မျိုးလင်းနိုင်၊ မောင်ဟိန်း(ခ) ဟိန်းကိုကို၊ ဖြိုးမင်းနိုင်(ခ)ကိုဖြိုးတို့မှ အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပူးပေါင်းပါဝင်၍ လည်းကောင်း။

**ထိရောက်စွာအရေးယူ**

“ဝိန့်လီ” ရွှေဆိုင်ဓားပြမှု ကျူးလွန်ခဲ့ရာတွင် သိန်းနိုင်ဦး (ခ) မောင်သိန်းမှ ဦးဆောင်ခဲ့ကာ မောင်ဆန်(ခ)ဆန္ဒအောင် (ဒုခေါင်းဆောင်)အဖြစ်လည်းကောင်း၊ ထင်အောင်ကျော်၊ ကိုမျိုး(ခ) မျိုးလင်းနိုင်၊ ဇော်ဇော်နိုင်(ခ)ငဇော်၊ ဖြိုးမင်းနိုင်(ခ)ကိုဖြိုး၊ အငယ်လေး(ခ)အောင်ဖြိုးပိုင်တို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပူးပေါင်းပါဝင်၍ လည်းကောင်း ကျူးလွန်ခဲ့ကြခြင်းဖြစ်ပြီး ဖမ်းဆီးရမိသူ မြတ်သူဇာနှင့် အောင်နိုင်မိုးတို့မှာ ဓားပြတိုက်/လုယက်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများ ထုခွဲရောင်းချရာတွင် ပါဝင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူတရားခံ ရှစ်ဦး၊ ပူးပေါင်းပါဝင်သူ နှစ်ဦး စုစုပေါင်း တရားခံ ၁၀ ဦးနှင့် ၎င်းတို့ထံမှ ပစ္စတိုသေနတ် နှစ်လက်၊ ၎င်းကျည် အတောင့် ၂၀၊ လက်ပစ်ဗုံး နှစ်လုံး၊ ရွှေထည်ပစ္စည်း စုစုပေါင်းအလေးချိန် နှစ်ပိဿာ ၄၄ ကျပ်သားခန့်၊ ငွေသား ကျပ်သိန်း ၅၁၀၊ တိုက်ရာပါပစ္စည်းများကို ရောင်းချ၍ ဝယ်ယူထားသော လက်ကိုင်ဖုန်း ငါးလုံး၊ ဆိုင်ကယ် ငါးစီးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကာ ကျန်ရှိသည့်သက်သေခံပစ္စည်းများကို ဆက်လက်စစ်ဆေးဖော်ထုတ်သိမ်းဆည်း၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၉၇ ဦး၊ အမျိုးသမီး ၅၇ ဦး စုစုပေါင်း ၁၅၄ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ကိုးဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည် ဝင်ရောက်လာသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း လေးဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❐ *ကျောဖုံးမှ*

သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း “KO News- ကော့ကရိတ် ပွင့်လင်းသတင်းစဉ်” Facebook Page၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် အမှတ် B1/05 Y တွင် ဖွင့်လှစ်ထားသည့် FAMILY HOUSE တုတ်ထိုးဟော့ပေါ့ဆိုင်ပိုင်ရှင် မပြည့်ဖြိုးဝေ (၃၄)နှစ်သည် ၎င်းအသုံးပြုသည့် “Family House- Stick pot” အမည် Facebook Page၊ တောင်ဥက္ကလာပမြို့နယ် (၁၄/၃) ရပ်ကွက် ချယ်ရီဥယျာဉ်အိမ်ရာ အိမ်အမှတ် (၄၅/၂)နေ ဇော်မျိုးထွဋ် (၃၆)နှစ်သည် ၎င်းအသုံးပြုသည့် “Zaw Myo Htut” Facebookအကောင့်၊ စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်း(တောင်)ရပ်ကွက် အမှတ်(၈၀/B) မြေညီထပ်တွင် ဖွင့်လှစ်ထားသည့် “Gucci Aung” မိတ်ကပ်အလှပြင်ဆိုင်ပိုင်ရှင် Gucci Aung(ခ) အောင်ကိုလင်း (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “Gucci Aung” Facebook အကောင့်၊ တောင်ဥက္ကလာပမြို့နယ် (၁၀) ရပ်ကွက် မေတ္တာလမ်း ပဒေသာဈေးတွင် ဖွင့်လှစ်ထားသည့် Kha Kha (ခခ) ကော်ပြန့်ပေါင်းဆိုင်ပိုင်ရှင် မသဲနုခိုင် (၃၂) နှစ်သည် ၎င်းအသုံးပြုသည့် “ မမ သဲနု” Facebook အကောင့်၊ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားအနောက်ဘက်မုခ်တွင် ဇေဒင်ဟောခန်း ဖွင့်လှစ်ထားသည့် ခိုင်ဦး(ခ) သာထက်ဆန်း (၃၆)နှစ်သည် ၎င်းအသုံးပြုသည့် “သာထက်ဆန်း” Facebook အကောင့်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၆၇)ရပ်ကွက် ချင်းတွင်း(၃)လမ်း အမှတ်(၆/၆၃)နေ မမြင့်မြင့်စိုး (၂၈)နှစ်သည် ၎င်းအသုံးပြုသည့် “စားမှာဘဲ ချဉ် ငံ စပ်” Facebook Page၊ တာမွေမြို့နယ် “Hello Mobile” ဖုန်းပြုပြင်ရေးဆိုင်ပိုင်ရှင်ဖြစ်သူ ဖြိုးမြင့်ဇော် (၃၆) နှစ်သည် ၎င်းအသုံးပြုသည့် Phyo Myint Zaw” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် သူရိန်လမ်းကြား၌ ဖွင့်လှစ်ထားသည့် “SIP Café Club” ဆိုင်ပိုင်ရှင် မဝင်းဝင်းထွန်း၏ အစ်ကိုဖြစ်သူ ဝေလင်းထွန်း (၃၅)နှစ်သည် “SIP Café Club” Facebook Page၊ အောင်မြေသာစံမြို့နယ် ဘုန်းတော်တိုးရပ်ကွက်နေ သူချစ်အောင်(ခ) ချစ်ညို (၂၉)နှစ်သည် ၎င်းအသုံးပြုသည့် “Thu Chit Aung” Facebook အကောင့်၊ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက်နေ အောင်ကျော်ဇော(ခ) ကောင်းစံ (၂၅)နှစ်နှင့် ၎င်း၏ညီဖြစ်သူ ကျော်ညီညီသက် (ခ) ဖိုးညီ (၂၃)နှစ်တို့ နှစ်ဦးသည် ၎င်းတို့ ဖွင့်လှစ်ထားသည့် “Royal Boots Sneaker” Facebook Page နှင့် ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာနေ နိုင်လင်းစိုးသည် ၎င်းအသုံးပြုသည့် “Naing Lin Soe” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# မြောက်ကိုရီးယားက အရှေ့ဘက်ရေပိုင်နက်သို့ ဒုံးကျည်နှစ်စင်းပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား စစ်ဘက်ပြော

ဆိုးလ် ဇန်နဝါရီ ၂၇

**မြောက်ကိုရီးယားက တာတိုပစ်ဒုံးကျည်ဟု ယူဆရသည့် ဒုံးကျည်နှစ်စင်းကို အရှေ့ဘက်ရေပိုင်နက်သို့ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲကာကွယ်ရေးဦးစီးချုပ်ရုံး (ဂျေစီအက်စ်) က ဇန်နဝါရီ ၂၇ ရက်က အတည်ပြုပြောကြားလိုက်သည်။**



မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်လိုက်သော ဒုံးကျည်တစ်စင်းကိုတွေ့ရစဉ်။

တောင်ကိုရီးယားစစ်ဘက်က ဒုံးကျည်နှစ်စင်းကို ခြေရာခံတွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါဒုံးကျည်များသည် တာတိုပစ်ဒုံးကျည်များဖြစ်မည်ဟု ယူဆရကြောင်း၊ ၎င်းဒုံးကျည်များကို မြောက်ကိုရီးယားအရှေ့ဘက်ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သည့် ဟမ်ဟန်းမှ အရှေ့ပင်လယ်ဆီသို့ဦးတည်ပြီး ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်က ပစ်လွှတ်ခဲ့ကြောင်း ဂျေစီအက်စ်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပစ်လွှတ်ခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုရရှိပြီး ခွဲခြမ်းစိတ်ဖြာနိုင်ရန် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ မြောက်ကိုရီးယားသည် ဇန်နဝါရီ ၅ ရက်က တစ်ကြိမ်၊ ဇန်နဝါရီ ၁၁ ရက်က တစ်ကြိမ် ဒုံးကျည်များကို ပစ်လွှတ်စမ်းသပ်ခဲ့ပြီး နောက်တစ်နေ့တွင် အသံထက်မြန်သည့် ဒုံးကျည်များကို ပစ်လွှတ်စမ်းသပ်ခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။ အလားတူ ဇန်နဝါရီ ၁၄ ရက်က တစ်ကြိမ်၊ ဇန်နဝါရီ ၁၇ ရက်ကတစ်ကြိမ် ဒုံးကျည်များကို ပစ်လွှတ်ခဲ့သည်။ အဆိုပါဒုံးကျည်များသည် တာတိုပစ်ဒုံးကျည်များဖြစ်မည်ဟု ယူဆရသည်။

အင်္ဂါနေ့ကလည်း မြောက်ကိုရီးယားသည် ချူကလီးယားဒုံးကျည်များကို ပစ်လွှတ်စမ်းသပ်ခဲ့သည်။ ဇန်နဝါရီ ၂၇ ရက်က ပစ်လွှတ်စမ်းသပ်မှုသည် ယခုနှစ်အတွင်း မြောက်ကိုရီးယား၏ ခြောက်ကြိမ်မြောက် ပစ်လွှတ်စမ်းသပ်ခဲ့ခြင်းပြီး ပြုံယမ်း၏ စစ်ရေးစွမ်းပကားကို တိုးချဲ့ရန် ရည်ရွယ်ချက်ကို ထင်ရှားစေရန် မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ မြောက်ကိုရီးယားအာဏာရပါတီဖြစ်သည့် အလုပ်သမားပါတီနိုင်ငံရေးဗျူရိုက ဇန်နဝါရီ ၁၉ ရက် အစည်းအဝေးတွင် အမေရိကန်၏နယ်ချဲ့ဝါဒကို ကာလရှည်ကြာ ထိပ်တိုက်ရင်ဆိုင်ရန်အတွက် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ပြင်ဆင်ထားရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

# ယူကရိန်းအရေး တင်းမာမှုများလျှော့ချရန် ဂျာမနီနှင့် ပြင်သစ်တို့ ပူးပေါင်းလုပ်ဆောင်

ပါရီ ဇန်နဝါရီ ၂၇

ယူကရိန်းအရေး တင်းမာမှုများ လျှော့ချရန် ဂျာမနီနှင့် ပြင်သစ်တို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ နှစ်နိုင်ငံမှ အဆင့်မြင့်သံတမန်များသည် ရုရှားနှင့် ယူကရိန်း ကိုယ်စားလှယ်များကို ပါရီတွင် ဇန်နဝါရီ ၂၆ ရက်က တွေ့ဆုံခဲ့သည်။ ဆွေးနွေးပွဲပြီးနောက် ရုရှားအစိုးရကိုယ်စားလှယ်မှူး ဒီမီထရီ ကိုဇက်က အဖွဲ့လေးဖွဲ့လုံးသည် တင်းမာမှုများ နည်းသွားစေရန် ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားရန် သဘောတူခဲ့ကြောင်း ပြောသည်။



ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဒယ်မီထရိုကူလီဘာကို တွေ့ရစဉ်။

ပြင်သစ်သမ္မတရုံးက ထုတ်ပြန်ကြေညာချက်တွင် နောက်ထပ်ဆွေးနွေးပွဲကို ဂျာမနီတွင် သီတင်းပတ်နှစ်ပတ်အတွင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဖွဲ့လေးဖွဲ့လုံးမှ သံတမန်များသည် ၂၀၁၅ ခုနှစ် အပစ်ရပ်စဲရေး သဘောတူညီချက်ကို လေ့လာသုံးသပ်ရန် စုစုစည်းစည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။ အပစ်ရပ်သဘောတူညီမှုပြုလုပ်ပြီးနောက် အစိုးရတပ်ဖွဲ့များနှင့် ရုရှားထောက်ခံတပ်ဖွဲ့များအကြား တိုက်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့သည်။

အဆိုပါသဘောတူညီချက်ကို ကြားဝင်စေ့စပ်ပေးရန် ပြင်သစ်နှင့် ဂျာမနီသည် အဓိကအခန်းမှ ပါဝင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# မိုဇမ်ဘစ်သို့ မုန်တိုင်းအန်နာ ဝင်ရောက်တိုက်ခတ် ၁၈ ဦးထက်မနည်းသေဆုံး

မပူတို ဇန်နဝါရီ ၂၇

မိုဇမ်ဘစ်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့ကို ဝင်ရောက်တိုက်ခတ်ခဲ့သော အပူပိုင်းမုန်တိုင်းအန်နာကြောင့် ၁၈ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် လျှော့ချရေးဆိုင်ရာ အမျိုးသားအင်စတီကျု (အိုင်အင်န်ဂျီဒီ) ၏ ပြောရေးဆိုခွင့်ရှိသူ ပေါ်လို တိုမက်စ်က ဇန်နဝါရီ ၂၇ ရက်က ပြောကြားသည်။

ရေဒီယို မိုဇမ်ဘစ်မှတစ်ဆင့် တိုမက်စ်က တိုက်ရိုက်ပြောကြားခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် ကနဦး ပျက်စီးဆုံးရှုံးမှုခန့်မှန်းတွက်ချက်မှုများကိုလည်း ဖော်ပြခဲ့သည်။

သေဆုံးသူများထဲတွင် ရှစ်ဦးမှာ ဇမ်ဘီဇီယာပြည်နယ်မှဖြစ်ပြီး သုံးဦးမှာ နမ်ပူလာပြည်နယ်၊ လေးဦးမှာ တီတီနှင့် သုံးဦးမှာ မာနီကာပြည်နယ်များမှဖြစ်ကြောင်း တိုမက်စ်က ပြောကြားသည်။

မုန်တိုင်းသည် အိမ်ခြေပေါင်း ၁၀၀၀၀ ကျော်ကို တစ်စိတ်တစ်ပိုင်းသို့မဟုတ် အပြည့်အဝဖျက်ဆီးခဲ့ပြီး အိမ်ခြေ ၃၉၁ လုံးမှာ ရေကြီးနစ်မြုပ်ခဲ့သည်။ ဆေးရုံများလည်း ပျက်စီးခဲ့ပြီး ကျောင်းပေါင်း ၁၃၇ ကျောင်းလည်း ရေဘေးဒုက္ခခံစားခဲ့ရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ဒဏ်ခံ ခရီးသွားကဏ္ဍ ပြန်လည်ရှင်သန်လာစေရန်ရည်ရွယ်ပြီး လှုပ်ရှားမှုတစ်ခု ကမ္ဘောဒီးယားစတင်

ဖနောင်ပင် ဇန်နဝါရီ ၂၇

"ဘေးကင်းလုံခြုံစိတ်ချလို့ အစိမ်းရောင်ခရီးသွားပန်းတိုင် ကမ္ဘောဒီးယားသို့" အမည်ပေးထားသော လှုပ်ရှားမှုတစ်ခုကို ကိုဗစ်-၁၉ ဒဏ်ခံခရီးသွားကဏ္ဍပြန်လည်ရှင်သန်လာစေရန် ရည်ရွယ်ပြီး ဇန်နဝါရီ ၂၇ ရက်က စတင်ခဲ့ကြောင်း ခရီးသွားလာရေးဝန်ကြီး သွန်ခွန်က ပြောကြားလိုက်သည်။

ဗီဒီယိုမျက်နှာစုံညီ ဆွေးနွေးပွဲမှတစ်ဆင့် ကျင်းပခဲ့သော အဆိုပါဖွင့်ပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် ခွန်က လွန်ခဲ့သောနှစ်နှစ်အတွင်း ခရီးသွားကဏ္ဍ စီးပွားရေးလုပ်ငန်းများ ပိတ်ထားခဲ့ရပြီး အလုပ်သမားထောင်သောင်းချီ အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရကြောင်း ပြောကြားခဲ့သည်။

ယခုလှုပ်ရှားမှုသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံခြားခရီးသွားများကိုဆွဲဆောင်ရန် နည်းဗျူဟာတစ်ခုဖြစ်သကဲ့သို့ အရှေ့တောင်အာရှ နိုင်ငံများမှ ခရီးသွားများကို ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်း ပင်ဖြစ်ကြောင်း ခွန်က ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးထားသည့် နိုင်ငံခြားသားများကို ကွာရန်တင်းဝင်ရန်ပင်မလိုဘဲ ကမ္ဘောဒီးယားက ကြိုဆိုလက်ခံလျက်ရှိကြောင်း ဝန်ကြီးက ဆက်လက်ပြောသည်။ ခရီးသွားကဏ္ဍနှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများကိုလည်း ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ထိရောက်သော လုပ်ထုံးလုပ်နည်းများနှင့် အကောင်အထည်ဖော်ရန် အကြံပေးထားသည်။

ခရီးသွားကဏ္ဍသည် နိုင်ငံစီးပွားရေးကို ထောက်ပံ့ပေးနေသော အဓိကထောက်တိုင်ကြီးလေးခုအနက် တစ်ခုဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၉ ခုနှစ်က နိုင်ငံတကာ ခရီးသွား ၆ ဒသမ ၆၁ သန်းလက်ခံခဲ့ပြီး အကြမ်းဖျင်းအခွန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံရရှိခဲ့သည်။

သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ နိုင်ငံခြားသားခရီးသွား ၁၆၃၃၆၆ ဦးသာ ဆွဲဆောင်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အလားတူကာလထက် များစွာလျော့နည်းကျဆင်းခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်သုံးနေရာကြောင့် ကျော်ကြားလျက်ရှိရာ အဆိုပါနေရာများမှာ အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှု ပန်းခြံ၊ ပရိဗီဟာဘုရားကျောင်းနှင့် ဆမ်ဘာပရိကွက်ခ် ရှေးဟောင်းယဉ်ကျေးမှုဒေသတို့ ဖြစ်ကြသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း သန်း ၄၀ ကျော်ရှိ

နယူးဒေလီ ဇန်နဝါရီ ၂၇

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၈၆၃၈၄ ဦးရှိကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၀၃၇၁၅၀၀ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ဇန်နဝါရီ ၂၆ ရက်နေ့ကတည်းက ကိုဗစ်-၁၉ ကြောင့် ၅၇၃ ဦး သေဆုံးခဲ့ရာ စုစုပေါင်း သေဆုံးသူ ၄၉၁၇၀၀ အထိ ရှိလာခဲ့သည်။ အိန္ဒိယနိုင်ငံ၌ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၂၀၂၄၇၂ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၀၅၆ ဦး ကျဆင်းခဲ့သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၇၆၇၇၃၂၈ ဦးရှိလာပြီး ယင်းတို့အနက် ၃၀၆၃၅၇ ဦးမှာ လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ပြန်လည်ဆင်းလာသူများ ဖြစ်ကြသည်။

**ဆင်ဟွာ**

# ဇန်နဝါရီ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၈ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၂၇–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၉၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆၈) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် **ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၄၁) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၁၆,၅၀၅) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၄,၆၇၁) ဦး** ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၆၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၂,၇၄၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိသဖြင့် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးမှုမရှိသည်မှာ (၄) ရက်ဆက်တိုက်ရှိပြီဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၇–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၀၃) ခု | (၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၉) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၁) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁) ခု | – |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၇) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၇၉) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၇၀) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၈၆၈) ခု | (၁၃၄) ဦး |
| **စုစုပေါင်း** | (၁၁,၉၁၈) ခု | (၁၆၈) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၇ - ၁ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၄၁၇၆၄၀၃ | ၄၅၄၂၁၃၁၈ | ၈၉၈၆၈၀ |
| ၂။ | အိန္ဒိယ | ၄၀၃၇၁၅၀၀ | ၃၇၆၇၇၃၂၈ | ၄၉၁၇၂၉ |
| ၃။ | ဘရာဇီး | ၂၄၅၅၃၉၅၀ | ၂၂၀၃၆၁၆၈ | ၆၂၄၅၀၇ |
| ၄။ | ပြင်သစ် | ၁၇၇၃၀၅၅၆ | ၁၁၀၅၃၄၉၁ | ၁၂၉၇၄၇ |
| ၅။ | ဗြိတိန် | ၁၆၁၁၄၉၃၁၉ | ၁၂၇၈၁၃၁၂ | ၁၅၄၇၀၂ |
| ၆။ | ရုရှား | ၁၁၄၀၄၆၁၇ | ၁၀၁၂၉၆၉၁ | ၃၂၈၇၇၀ |
| ၇။ | တူရကီ | ၁၁၁၆၇၉၂၇ | ၁၀၄၈၄၂၀၂ | ၈၆၄၈၇ |
| ၈။ | အီတလီ | ၁၀၃၈၃၅၆၁ | ၇၅၂၂၁၀ | ၁၄၄၇၇၀ |
| ၉။ | စပိန် | ၉၅၂၉၃၂၀ | ၅၇၃၂၉၄၁ | ၉၂၅၉၁ |
| ၁၀။ | ဂျာမနီ | ၉၁၄၅၂၇၄ | ၇၄၄၃၃၀၀ | ၁၁၇၈၈၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၇ – ၁ – ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၃၀၉၂၇၀ | ၄၁၂၉၃၀၅ | ၁၄၄၂၆၁ |
| ဖိလစ်ပိုင် | ၃၄၉၃၄၄၇ | ၃၂၁၃၁၉၀ | ၅၃၇၃၆ |
| မလေးရှား | ၂၈၄၄၉၆၉ | ၂၇၆၆၂၅၄ | ၃၁၉၃၀ |
| ထိုင်း | ၂၄၀၇၀၂၂ | ၂၃၀၂၁၆၄ | ၂၂၁၀၁ |
| ဗီယက်နမ် | ၂၂၀၃၂၀၈ | ၁၉၄၅၆၁၁ | ၃၇၂၉၁ |
| မြန်မာ | ၅၃၄၆၇၁ | ၅၁၂၇၄၂ | ၁၉၃၁၀ |
| စင်ကာပူ | ၃၂၇၆၀၂ | ၃၀၈၄၈၀ | ၈၅၀ |
| လာအို | ၁၃၂၁၃၀ | ၁၂၄၃၇၃ | ၅၃၄ |
| ကမ္ဘောဒီးယား | ၁၂၁၁၅၀ | ၁၁၇၂၈၆ | ၃၀၁၅ |
| ဘရူနိုင်း | ၁၆၁၄၈ | ၁၅၆၈၂ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# တစ်ဦးချင်းအရည်အသွေးအပေါ် အခြေခံတည်ဆောက်ခြင်းဖြင့် .....

မျိုးငြိမ်းငယ်

ကောင်းမွန်သော လူမှုပတ်ဝန်းကျင်တစ်ခု တည်ဆောက်ရာတွင် ယင်းပတ်ဝန်းကျင်၌ ပါဝင်နေသည့် တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ စိတ်သဘောထား၊ အသိအမြင်၊ စိတ်ဝင်စားမှု၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ တန်ဖိုး၊ လေ့လာသင်ယူမှု တို့ကဲ့သို့သော ကိုယ်ရည်ကိုယ်သွေးများအပေါ် တည်မှီနေပါသည်။

တိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်း တစ်ရပ် ထူထောင်ရန်ဆိုပါက ပါဝင်နေသူတစ်ဦး တစ်ယောက်ချင်းစီ၏ ကိုယ်ရည်ကိုယ်သွေး ပြုစုပျိုးထောင်ရေး၊ မြှင့်တင်ရေးနှင့် အသုံးချရေးမှာ အခြေခံလိုအပ်ချက်ဟု ဆိုရပါမည်။

ငယ်စဉ်ကဆိုခဲ့ရသည့် ကျောင်းကောင်စီ သီချင်းမှ **"မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်"** ဆိုသည့် အဓိဋ္ဌာန် (၄) ချက်တွင် ပါဝင်သည့်အတိုင်း မိမိကိုယ်ကို ကောင်းအောင်ကြိုးစားရေးမှာ ပဓာနလိုအပ်ချက်ဖြစ်သည်ကို တွေ့ရပါသည်။ မိမိကဲ့သို့ ပါဝင်နေသူ တစ်ဦးတစ်ယောက်ချင်းကောင်းမှ အတန်းဆိုသည့်အစုအဖွဲ့၊ ကျောင်းဆိုသည့် အစုအဖွဲ့၊ တိုင်းပြည်ဆိုသောအဖွဲ့အစည်း ကောင်းမွန်လာမည်ဖြစ်ပါသည်။ သို့အတွက် မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ အရည်အသွေးများ မြှင့်တင်နေခြင်းသည် လူ့အဖွဲ့အစည်းတစ်ခု သို့မဟုတ် နိုင်ငံတစ်နိုင်ငံအတွက် တည်ဆောက်နေခြင်းဟုဆိုရပါမည်။

### တစ်ဦးချင်းစီ၏ အရေးပါမှု

လူ့အဖွဲ့အစည်းတစ်ရပ်လုံး ကောင်းမွန်လာစေရေးတွင် မိမိတို့တစ်ဦးချင်းစီ၏အခန်းကဏ္ဍမှာ များစွာအရေးပါလျက်ရှိပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းရှိ တစ်ဦးချင်းစီ၏ အတွေးအမြင်များ၊ ခံစားချက်များ၊ စိတ်လှုပ်ရှားမှုများနှင့် အပြုအမူများသည် လူ့အဖွဲ့အစည်း၏ အရည်အသွေးများအပေါ် အကျိုးသက်ရောက်လျက်ရှိကြပါသည်။ လူ့အဖွဲ့အစည်းများဆိုသည်မှာလည်း တစ်ဦးချင်းစီ၏ ကွဲပြားခြားနားသော စရိုက်လက္ခဏာများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်ရာ ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရန်မှာ များစွာ ရှုပ်ထွေးလှပါသည်။

သို့သော် လူ့အဖွဲ့အစည်းအတွင်း ကွဲပြားခြားနားသော စရိုက်လက္ခဏာများရှိစေကာမူ လူ့အဖွဲ့အစည်း၏ ရည်မှန်းချက်များ၊ မိမိတို့တစ်ဦးချင်းစီ၏ လိုလားချက်များ ပြည့်ဝအောင်မြင်စေရန် တစ်ဦးချင်းစီ၏ အရည်အသွေးအလိုက် ဟန်ချက်ညီညီ လုပ်ဆောင်ကြခြင်းဖြင့် မိမိအကျိုး၊ အများအကျိုးဖော်ဆောင်ကြပါသည်။ ကွဲပြားခြားနားသော စရိုက်လက္ခဏာများနည်းတူ မိမိတို့ပါဝင်သော လူ့အဖွဲ့အစည်းမှာ ကြီးသည်လည်းရှိနိုင်ပါသည်။ ငယ်သည်လည်းရှိနိုင်ပါသည်။ အဖွဲ့အစည်း အရွယ်အစားကြီးခြင်း၊ သေးခြင်းသဘောထက် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများ တိုးတက်ကောင်းမွန်နေမှသာ အဖွဲ့အစည်း၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ တစ်ဦးချင်း၊ တစ်ယောက်ချင်းဖြင့် ဖွဲ့စည်းထားသည့် လူ့အဖွဲ့အစည်းများသည် ပါဝင်နေသူ တစ်ဦးချင်းစီတိုင်း၏ အရေးပါမှု၊ အရည်အသွေး၊ စွမ်းဆောင်ရည်တို့အပေါ် အခြေခံလာကြပါသည်။

### ကောင်းမွန်သောနိုင်ငံသား

နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီတိုင်းသည် နိုင်ငံ၏အစိတ်အပိုင်းများဖြစ်ကြသည့်အလျောက် နိုင်ငံနှင့်နိုင်ငံသားတို့ဆိုသည်က တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်နေကြပါသည်။ သို့ဖြစ်ရာ နိုင်ငံဆိုသည့် အဖွဲ့အစည်းကြီးတိုးတက်ကောင်းမွန်ရေးမှာ ယင်းနိုင်ငံ၏ နိုင်ငံသားများအပေါ် တည်မှီလာပါသည်။ သို့သော် ကောင်းမွန်သောနိုင်ငံသား၊ ကောင်းမွန်သောနိုင်ငံများဆိုသည်ကလည်း အလိုအလျောက်ဖြစ်တည်လာကြသည်မဟုတ်ပါ။

ယင်းနှင့်ပတ်သက်၍ ကောင်းမွန်သည့် နိုင်ငံသားတစ်ယောက်ဖြစ်ရန်နှင့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်ရန်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က **"မည်သူမှ ကောင်းမွန်တဲ့ နိုင်ငံသားအဖြစ် မွေးဖွားလာခြင်းမဟုတ်သလို မည်သည့်နိုင်ငံမှလည်း ဒီမိုကရေစီနိုင်ငံအဖြစ်နဲ့ ဖြစ်တည်လာခြင်း မဟုတ်ပါဘူး။ အဲဒီနှစ်ခုစလုံးဟာ ဘဝတစ်သက်တာတစ်လျှောက်လုံး စဉ်ဆက်မပြတ် လုပ်ဆောင်နေရတဲ့ လုပ်ငန်းစဉ်များပဲ ဖြစ်ပါတယ်"** ဟုဆိုခဲ့ခြင်းသည် နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ရန်နှင့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်ရန် စဉ်ဆက်မပြတ် တည်ဆောက်ကြရကြောင်း နားလည်မိပါသည်။

အလားတူ အမေရိကန်သမ္မတ ရစဘဲ့က **"မိမိတို့ နိုင်ငံမှာရှိတဲ့ နိုင်ငံ့သားကောင်းတစ်ဦးအတွက် ပထမဦးဆုံးလိုအပ်ချက်ကတော့ မိမိရဲ့အရေးပါလေးနက်မှုကို မြှင့်တင်နိုင်စွမ်းနှင့် မြှင့်တင်လိုစိတ်ရှိရပါမယ်။ နိုင်ငံ့သားကောင်းတစ်ယောက်ဟာ ခရီးသွားသက်သက်မဟုတ်ပါဘူး။ မိမိတို့ မျိုးဆက်တိုင်းက လက်ဆင့်ကမ်းနိုင်တဲ့အလုပ်မှာ ပါဝင်ဆောင်ရွက်ရမှာဖြစ်သလို မိမိရဲ့အလုပ်တွေ လုပ်ဆောင်ရာမှာ ကိုယ့်ကိုအထောက်အကူဖြစ်စေမယ့် လေ့လာနိုင်စွမ်းသာမက အခြားသူများ၏ အခွင့်အရေးအပေါ် လေးစားမှုရှိကြောင်း ပြသရမယ်"** ဟု ဆိုပါသည်။

ကောင်းမွန်သော နိုင်ငံသားတစ်ယောက်အတွက် မိမိအကျိုးနှင့် အများအကျိုး နှစ်ဖက်ကြည့်ရှုထောင့်ဟု မြင်မိပါသည်။

### ဒီမိုကရေစီအလေ့အကျင့်များ

မိမိအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုး ဖော်ဆောင်ရန်ဆိုပါလျှင် ဒီမိုကရေစီအလေ့အကျင့်များနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရေးမှာ အခြေခံဒေါက်တိုင်တစ်ခုဖြစ်ပါသည်။ သို့သော် ခိုင်မာသော ဒီမိုကရေစီစနစ်အဖြစ် တည်ဆောက်ရန်မှာ နေ့ချင်းညချင်းတည်ဆောက်၍မရနိုင်ချေ။ ဒီမိုကရေစီ အယူအဆများ၊ အလေ့အကျင့်များမှတစ်ဆင့် တဖြည်းဖြည်းဖြင့် ဒီမိုကရေစီယဉ်ကျေးမှုများကို တည်ဆောက်ကြရပါသည်။ ဒီမိုကရေစီ အလေ့အကျင့်များကို ငယ်ရွယ်စဉ်ကပင် စာသင်ကျောင်းများတွင် သင်ကြားလေ့ကျင့်ပေးကြသကဲ့သို့ လူမှုအသိုက်အဝန်းအတွင်း ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့်လည်း ပြုစုပျိုးထောင်နိုင်ပါသည်။ နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်ရန် ဒီမိုကရေစီ အလေ့အကျင့်များ ပြုစုပျိုးထောင်သည်ဆိုရာတွင် လူမှုအသိုက်အဝန်းအတွင်း လိုက်လျောညီထွေစွာ တည်ဆောက်ရေးမှာ သတိပြုဖွယ်ဖြစ်ပါသည်။

အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းအလိုက် ဒီမိုကရေစီ အလေ့အကျင့်၊ အလေ့အထနှင့် ဓလေ့များ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ အခြေအနေနှင့်အညီ ရှင်သန်ပေါက်ဖွားလာရန် ပြုစုပျိုးထောင်ခြင်းဖြင့် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ဒီမိုကရေစီအလေ့အကျင့်နှင့်ဓလေ့များ ရှင်သန်ရန်ဆိုသည်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ပြောဆိုခဲ့သည့် **"ဒီမိုကရေစီစနစ် အောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင် ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်"** ဆိုသည့်စကားသည် ဒီမိုကရေစီ တည်ဆောက်ရန် နိုင်ငံသားတစ်ဦးချင်း တစ်ယောက်ချင်း ကျင့်ကြံရာတွင် သတိပြုဖွယ်ဖြစ်ပါသည်။

### လူ့အဖွဲ့အစည်း၏ ဒီမိုကရေစီယဉ်ကျေးမှု

ဒီမိုကရေစီသည် အဖွဲ့အစည်းဆိုင်ရာ ဒီမိုကရေစီ ယဉ်ကျေးမှုများထက်ပိုပါသည်။ ခိုင်မာသော ဒီမိုကရေစီသည် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်း ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာတည်မှီနေပါသည်။ ထိုယဉ်ကျေးမှုများဆိုသည်မှာ အနုပညာ၊ စာပေ သို့မဟုတ် ဂီတတို့ကို မဆိုလို၊ ယင်းလူ့အဖွဲ့အစည်းအတွင်းမှ လူတစ်ဦးချင်းစီတိုင်းက မိမိကိုယ်ကိုမိမိ ထိန်းချုပ်နိုင်သည့် အမူအကျင့်များ၊ လုပ်ဆောင်ချက်များနှင့် စံနှုန်းများကို ဆိုခြင်းဖြစ်ကြောင်း အမေရိကန်သမိုင်းပညာရှင် Diane Ravitch က ဆိုခဲ့ပါသည်။

ဒီမိုကရေစီယဉ်ကျေးမှုသည် လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားတစ်ဦးချင်းစီက မိမိတို့အပေါ် အကျိုးသက်ရောက်နေသည့်ပြည်သူ့ရေးရာကိစ္စများနှင့်ပတ်သက်၍ စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ တက်ကြွစွာ ပူးပေါင်းလုပ်ဆောင်လိုသည့်ဆန္ဒနှင့် လုပ်ကိုင်နိုင်စွမ်းဟုဆိုပါသည်။ လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီယဉ်ကျေးမှု ခိုင်မာအားကောင်းခြင်းဖြင့် အများကောင်းကျိုးဖော်ဆောင်ခြင်း၊ အတူယှဉ်တွဲနေထိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စုပေါင်းဆုံးဖြတ်ခြင်းကဲ့သို့သော ဒီမိုကရေစီဓလေ့များ ဖွံ့ဖြိုးတိုးတက်စေပါသည်။

ဒီမိုကရေစီယဉ်ကျေးမှုသည် တစ်ဦးချင်း၏ လွတ်လပ်စွာ စဉ်းစားတွေးခေါ်မှုနှင့် လုပ်ဆောင်မှုပုံစံများအပေါ်တွင် အခြေပြုသော်လည်း အများကောင်းကျိုးဖော်ဆောင်ရန်နှင့် ယင်းကောင်းကျိုးများ ရေရှည်တည်တံ့နိုင်ရန်အတွက် လူ့အဖွဲ့အစည်းအတွင်းမှ တစ်ဦးချင်းစီ၏ အတူပူးပေါင်းလုပ်ဆောင်မှုနှင့် ပူးတွဲတာဝန်ယူမှုပုံစံများကဲ့သို့သော အပြန်အလှန်အကျိုးပြုမှုများ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါသည်။ သို့မှသာ ဒီမိုကရေစီ ယဉ်ကျေးမှုများ တိုးတက်လာခြင်းနှင့်အတူ ဒီမိုကရေစီစနစ် ခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

### မိမိကိုယ်ကို အခြေခံတည်ဆောက်

ကောင်းမွန်တိုးတက်သော နိုင်ငံတည်ဆောက်ကြရာတွင် မိမိကိုယ်ကိုကောင်းမွန်အောင် တည်ဆောက်ခြင်းသည်လည်း အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပါသည်။ **"ဒီမိုကရေစီနိုင်ငံသားများအနေဖြင့် မိမိတို့သည် အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခံသူများဖြစ်ကြသကဲ့သို့ ဥပဒေပြုသူများနှင့် ဥပဒေကိုလိုက်နာရသူများဖြစ်ကြပြီး အစမှအဆုံးတိုင် သက်ဆိုင်သူများဖြစ်ကြသည်"** ဟု အီလီနွိုက်စ် အုပ်ချုပ်ရေးမှူးဟောင်းနှင့် အမေရိကန်သံအမတ်ဟောင်းဖြစ်သူ Adlai Stevenson က ဆိုပါသည်။ ဒီမိုကရေစီနိုင်ငံသားတိုင်း၏ အရေးပါမှုနှင့် အခန်းကဏ္ဍကို ညွှန်ပြသည့်စကားဟု မြင်မိပါသည်။

သို့ဖြစ်ရာ နိုင်ငံသားတစ်ဦးချင်းစီက လူ့အဖွဲ့အစည်းအတွင်း ဟန်ချက်ညီစွာ တည်ဆောက်ခြင်းဖြင့် နိုင်ငံတည်ဆောက်ရာရောက်ပါသည်။ လူ့အဖွဲ့အစည်းများတွင် မတူညီသောတစ်ဦးချင်းဖြင့် ပေါင်းစည်းထားခြင်းဖြစ်ရာ အရည်အသွေးပြည့်ဝမှုဆိုင်ရာ ကွဲပြားခြားနားမှုများရှိနေနိုင်ပါသည်။ ထိုမတူညီကွဲပြားမှုအမျိုးမျိုးအလိုက် တစ်ဦးချင်းစီအလိုက် ကိုယ်ရည်ကိုယ်သွေးများမြှင့်တင်ခြင်း၊ ပြုစုပျိုးထောင်ခြင်းနှင့် ဒီမိုကရေစီအလေ့အကျင့်များ လိုက်နာကျင့်ကြံခြင်းဖြင့် သာယာအေးချမ်းသည့် ဖွံ့ဖြိုးတိုးတက်လာသည်ကိုမြင်ရသည့် နိုင်ငံဖြစ်လာနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> ❊ **လူ့အဖွဲ့အစည်းအတွင်း ကွဲပြားခြားနားသော စရိုက်လက္ခဏာများရှိစေကာမူ လူ့အဖွဲ့အစည်း၏ ရည်မှန်းချက်များ၊ မိမိတို့တစ်ဦးချင်းစီ၏ လိုလားချက်များ ပြည့်ဝအောင်မြင်စေရန် တစ်ဦးချင်းစီ၏ အရည်အသွေးအလိုက် ဟန်ချက်ညီညီ လုပ်ဆောင်ကြခြင်းဖြင့် မိမိအကျိုး၊ အများအကျိုး ဖော်ဆောင်ကြပါသည်။ ကွဲပြားခြားနားသော စရိုက်လက္ခဏာများနည်းတူ မိမိတို့ပါဝင်သော လူ့အဖွဲ့အစည်းမှာကြီးသည်လည်းရှိနိုင်ပါသည်။ ငယ်သည်လည်း ရှိနိုင်ပါသည်။ အဖွဲ့အစည်း အရွယ်အစားကြီးခြင်း၊ သေးခြင်းသဘောထက် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများ တိုးတက်ကောင်းမွန်နေမှသာ အဖွဲ့အစည်း၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်ပါသည်**







# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစု များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်း များသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်း ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မင်္ဂလာဇေယျုံပါဠိကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိသီရိမင်္ဂလာ ကန်ဦး ပရိယတ္တိကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေး သာသနာ့ရိပ်သာကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ သီရိမင်္ဂလာ မန်ဆူ ရှမ်းကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ်ရှိမဟာစေတျာရာမ ဘုရား ကြီးကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာ တော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေး ဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (သင်ကြား/စီမံ၊ စာသင်သား) သံဃာတော်နှင့်သီလရှင် ၁၂၈ ပါး Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ရန်ကုန် ဇန်နဝါရီ ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး များ၏ ဩဝါဒ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန၏ လမ်းညွှန်မှုအရ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက် ရှိရာ ယမန်နေ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျ (ပထမအဖွဲ့ခွဲ) ဆရာတော်ကြီး ကိုးပါး၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော် ကြီးများနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) သင်ကြား/စီမံ၊ စာသင်သား သံဃာတော် ၂၄၉ ပါးတို့ကို ကာကွယ်ဆေးထိုးနှံခဲ့သည်။

ထို့အတူ ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ တက္ကသိုလ် သင်ကြား/စီမံ၊ စာသင်သား သံဃာတော်နှင့်သီလရှင် ၁၂၈ ပါးတို့ကို ကာကွယ်ဆေးထိုးနှံခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**



# နှစ်နိုင်ငံချစ်ကြည်ရေးအနေဖြင့် ရရှိထားသည့် ရုရှားသမ္မတနိုင်ငံမှ Sputnik Light ကာကွယ်ဆေးနှင့် အိန္ဒိယနိုင်ငံအစိုးရမှ လှူဒါန်းသော Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရုရှားသမ္မတနိုင်ငံမှ နှစ်နိုင်ငံ ချစ်ကြည်မှုအရ လှူဒါန်းခြင်းနှင့် ဝယ်ယူခြင်းမှ ရရှိထားသည့် Sputnik Light ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဇန်နဝါရီ ၁၉ ရက်မှစတင်ထိုးနှံခဲ့ပြီး ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဆက်လက် ထိုးနှံပေးလျက်ရှိရာ စုစုပေါင်း လူဦးရေ ၁၂၄၇၄၇ ဦးကို ထိုးနှံ ပေးနိုင်ခဲ့ပြီဖြစ်သည်။



ရုရှားသမ္မတနိုင်ငံမှ Sputnik Light ကိုဗစ်-၁၉ရောဂါကာကွယ် ဆေးသည် တစ်ကြိမ်သာထိုးနှံရန် လိုအပ်ပြီး ရောဂါကာကွယ်မှုနှုန်း ကောင်းမွန်သည့် ကာကွယ်ဆေး ဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလွှမ်းခြုံမှု ကို အချိန်တိုအတွင်း မြင့်မားစွာ ရရှိစေနိုင်၍ ၎င်းကာကွယ်ဆေးကို အလှည့်ကျထိုးနှံခွင့်ရရှိသူ မိဘ ပြည်သူများအနေဖြင့် မပျက် မကွက်ထိုးနှံမှု ခံယူသင့်သည့် ကာကွယ်ဆေးဖြစ်သည်။ အဆိုပါ Sputnik Light ကာကွယ်ဆေးများ ထိုးနှံပေးခြင်းအနေဖြင့် အအေး လမ်းကြောင်းမပြတ် သယ်ယူ ပို့ဆောင်၍ ကာကွယ်ဆေးထိုးနှံ ရန် သင့်လျော်သည့် တိုင်းဒေသ ကြီး/ ပြည်နယ်များရှိ ကာကွယ် ဆေးလွှမ်းခြုံမှု နည်းပါးသည့် မြို့နယ်များတွင် ဆက်လက်ထိုးနှံ ပေးမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအစိုးရမှလှူဒါန်း ထားသော Covaxin ကာကွယ် ဆေးများကို မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်မြို့နယ်များဖြစ် သော စစ်ကိုင်းတိုင်းဒေသကြီးရှိ တမူး၊ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များ တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံရန် ကျန်ရှိနေသော အသက် (၁၈) နှစ်နှင့် ပြည်သူလူထု များအား ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ စုစုပေါင်းလူဦးရေ ၂၅၀၀၀ အား ထိုးနှံပေးနိုင်ခဲ့ပြီး အဆိုပါ ကာကွယ်ဆေးထိုးနှံမှုကို လည်း ဆက်လက်၍ ဆောင်ရွက် လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီး ဌာန သည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အားသွန် ခွန်စိုက် ကျယ်ပြန့်စွာထိုးနှံပေး လျက်ရှိရာ ကာကွယ်ဆေးထိုးနှံ ပြီးစီးမှုအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ လူဦးရေ ၁၈ ဒသမ ၄ သန်းကျော်ကို အကြိမ် ပြည့်ထိုးနှံပေးခဲ့၍ ၃ ဒသမ ၄ သန်းကျော်ကို တစ်ကြိမ် ထိုးနှံ ပေးခဲ့ပြီးဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်နှင့် အထက် ထိုးနှံပြီးသူ ၂၁ ဒသမ ၈ သန်း ကျော်ရှိပြီဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၄၀ ဒသမ ၂၅ သန်း doses ကို ထိုးနှံပြီးဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိ အတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက် မကွက် အကြိမ်ပြည့်ထိုးနှံမှုခံယူ ခြင်း၊ ပထမအကြိမ်ကာကွယ်ဆေး ထိုးနှံမှုရရှိထားသူများ အနေဖြင့် လည်း ဒုတိယအကြိမ် ကာကွယ် ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံး သတ်မှတ် ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုး စုရပ်များသို့ သွားရောက်၍ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ တွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟားခါးမြို့နှင့်တီးတိန်မြို့တို့တွင် ၀.၂၀ လက်မစီနှင့် မချမ်းဘောမြို့တွင် ၀.၁၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် ည ၉ နာရီတွင် ပြင်ဦးလွင်မြို့နယ် ရေငယ်လမ်းဆုံမြို့ရှောင်လမ်းတွင် ရေတံခွန်လမ်းမှ ပြင်ဦးလွင်မြို့ရှောင်လမ်းဘက်သို့ ဖော်ဌေး(ခ) အာကြီး မောင်းနှင်လာသည့် NISSAN DIESEL ၁၂ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၃၇ ဒသမ ၆၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၂၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ ၂၅ ရက်ညနေ ၃ နာရီတွင် ပြင်ဦးလွင်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၂၂/၀)အနီးတွင် FUSO ၁၂ဘီး မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်မောင်းအား တွေ့ရှိခြင်းမရှိဘဲ ယာဉ်ပေါ်မှ ဘိန်းဖြူ ၄၂ ဒသမ ၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော် တန်ဖိုးရှိ စုစုပေါင်း ဘိန်းဖြူ ၈၀ ဒသမ ၅၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၂၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဖော်ဌေး(ခ)အာကြီး ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် ဓာတုပစ္စည်း၊ တိုင်းရင်းဆေးနှင့် သစ်မျိုးစုံ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များမှ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ မူဆယ်မြို့နယ် တိန်းလုံကျေးရွာ ကူးတို့ဆိပ်အနီး ကွင်းပြင်တွင် Ethanol ဟု ယူဆရသော လီတာ ၂၀ ခန့်စီပါ ပလတ်စတစ်ပုံး ၂၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များမှ မြောက်ပိုင်းခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှော်ကားသဘာဝဥယျာဉ်အတွင်း အုံတိုခေါက်(အစို) ပိဿာ ၉၀ နှင့် ဇန်နဝါရီ ၂၆ ရက်တွင် လှည်းကူးမြို့နယ် ငမိုးရိပ်ချောင်းကူး တံတားပေါ်၌ Toyota Super Custom ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၅၄၁၆ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၆၃၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ဇန်နဝါရီ ၂၆ ရက်တွင် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သော တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရသေ့တံဆိပ်ထိုးတိုင်းရင်းဆေးအရည် ၁၀၀ ဗာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၅၄၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် သံဖြူဇရပ်-ရေးကားလမ်းအနီးတွင် ကုန်တင်ယာဉ်နှစ်စီးပေါ်မှ ပိတောက်ခွဲသားဆိုဒ်စုံ ၂၉ ဒသမ ၁၃၇၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၄၁၁၆၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ဇန်နဝါရီ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၁၅ ဒသမ ၈၁၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၁၈၆၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဇန်နဝါရီ ၂၅၊ ၂၆ နှင့် ၂၇ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၃၂၆၅၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပုသိမ်ကြီး၊ ဝမ်းတွင်း၊ မိုင်းဆတ်နှင့် မော်လမြိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာ အုပ်စု ကျောက်ချောကျေးရွာ အနီး မန္တလေး-ပြင်ဦးလွင်သွား ကားလမ်းတွင် သန်းထွန်း(ခ) ကိုသူ မောင်းနှင်ပြီး မလှိုင်မော်(ခ) မလှိုင်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၈၀၀ ကိုလည်းကောင်း၊ ထို့ပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဝမ်းတွင်းမြို့ သဲတောမြို့မအမှတ်(၃)ရပ်ကွက် လွှတ်လပ်ရေးကွင်း အနီးတွင် သီဟဇော်(ခ)ဖိုးပြည့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာအုပ်စု ရွာရှည်ကျေးရွာအနီး မန္တလေး-ရန်ကုန်ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၃၃၇/၄)နှင့် (၃၃၇/၅) ကြားတွင်နေလင်းဦး(ခ)ရွှေတောင် မောင်းနှင်ပြီး ကိုလင်း(ခ)ကြွက် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၇၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



မလှိုင်မော်(ခ)မလှိုင်၊ သန်းထွန်း(ခ)ကိုသူ တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မအို့ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာအနီးတွင်အားဂါ မောင်းနှင်ပြီး လီပလိုက်ပါလာသည့်မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မိုင်းတွန်း(တောင်ပေါ်) ကျေးရွာအုပ်စု ဘိုယားကျေးရွာနေ ကျားဖူ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၀၀ ကိုလည်းကောင်း၊ အလားတူ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီတွင် မော်လမြိုင်မြို့နယ် မုရောင်းကျေးရွာအုပ်စု မုရောင်းကျေးရွာ အနီးတွင် ဖြိုးဇော်အောင် မောင်းနှင်ပြီး မယဉ်ယဉ်ထိုက် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကော့ကရိတ်မြို့နယ်၌ ရော်ဘာများသိုလှောင်ထားသည့် အဆောက်အအုံ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ဇန်နဝါရီ ၂၆ ရက်က ရော်ဘာများ သိုလှောင်ထားသည့် အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက် ညနေ ၄ နာရီခွဲက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ နွားခြံကုန်းကျေးရွာရှိ ကိုကိုကြီး(၄၈နှစ်) ပိုင်ဆိုင်သော အလျား ပေ ၂၀ x အနံ ပေ ၂၀ x အမြင့် ပေ ၂၀ ရှိသည့် သွပ်မိုးကျောက်ပြားကာ ကွန်ကရစ်ခင်းဖြင့် ဆောက်လုပ်ထားသော ရော်ဘာများသိုလှောင်ထားသည့် အဆောက်အအုံ မီးလောင်ကြောင်း သတင်းအရ ကျုံဒိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့မှ မီးသတ်ယာဉ်လေးစီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၆ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ငွေကျပ် ၅၁ သိန်းခန့် မီးလောင်ဆုံးရှုံးခဲ့သဖြင့် ကိုကိုကြီးအား ကျုံဒိုးနယ်မြေရဲစခန်း(ပ)၅/၂၂၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၁-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** MRTV Travelogue
**၀၈:၃၅** မြန်မာ့ကျက်သရေတက်နေ့ဝက်ရည် (ယွန်းထည်)
**၀၉:၁၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** လှုမှုစီးပွားမြင်ကွင်းများ
**၁၁:၄၀** ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'အင်္ဂလိပ်စာဘာသာရပ်'
**၁၅:၂၅** ရုပ်မြင်သံကြားဇာတ်လမ်း **'လက်တစ်ကမ်း'**
**၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၇:၁၀** လှမ်းလို့အရောက်လာပါ Big-M စိုက်ပျိုးရေးခြံကကြိုနေမှာ
**၁၇:၂၅** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါဏ်ဒါဏ်းအချစ်ချိုချို'** (အပိုင်း-၃၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** တူယှဉ်ပြိုင်ပျော်ဂီတပွဲတော်သီချင်းဆို ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၁၀) (စိတ်ကြိုက်တေးသီချင်း)

**သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Union Day Song
**07:09** San Lin Tun (Winner) Lose2Win with Andy Season 2
**07:26** Aesthetic Chinlone
**07:52** KabyarWa Beach
**08:01** Dances of Myanmar: Akha Traditional Dance
**08:05** Kayah Style
**08:14** Secret Recipes by Gourmet Chefs (French)
**09:01** News
**09:26** Global Partnership for Brighter Future: UAE Pavilion at Expo 2020 Dubai
**09:34** Fine Arts Podium (Conch Shell Wind Instrument)
**09:49** Equestrian Contest on Pa-O Land
**10:01** Inn-Waing Waterfall
**10:04** ASEAN Political-Security Community #1: Building a Region of Peace and Stability

**MRTV NRC**

**ပကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကွမ်းသီးလုပ်ငန်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ရင်သားကင်ဆာအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ရှားပါးလာသောရိုးရာတောင်းရက်လုပ်ခြင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ငါးရံ့သရက်သီးချက်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ကြည်ညိုဖူးမြော်ကိုးဆောင်းပုထိုးတော်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရွှေချမ်းသာဖောင်တော်ဦးဘုရားပွဲ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
" ဝ " ဘာသာစကားပြောကြရအောင် (အသီးအနှံအခေါ်အဝေါ်များ)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်ရိုးရာငါးပေါင်းချက်ကြမယ်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကော်ဖယ်(မိုနု) ဒေသသို့

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရေအသုံးကုန်းတစ်ဝက်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** MRTV FARMERS' တို့ နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ **Education Channel** တို့ ဝနေ့တနင်္ဂနွေမှအစ နံနက် (၀၈:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

---

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

## စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

---

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၇

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၁ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၀၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၅၈၀/၁၅၉၀ ကျပ် | ၁၅၉၅/၁၆၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၉၀/၁၆၀၀ ကျပ် | ၁၆၁၅/၁၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၅၄၅/၁၅၆၅ ကျပ် | ၁၅၉၀/၁၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၀၅/၁၆၃၀ ကျပ် | ၁၇၀၀/၁၇၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၁ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၅ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၄၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၂၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၆၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၄၇၁ | ၃၈၁၅၆၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၁၁၇၁ | ၃၅၈၁၃၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

---

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဆန်းသစ်တီထွင်မှုအလေ့အကျင့်ကောင်းများ မျှဝေခြင်းစီမံကိန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

**စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဆန်းသစ်တီထွင်မှုအလေ့အကျင့်ကောင်းများ မျှဝေခြင်း စီမံကိန်းဆိုင်ရာ ဆွေးနွေးပွဲ(Hybrid Seminar on Innovative Products Practices for Food Processing in Myanmar)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။**




အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ဝါဝါမောင်က ယခုစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် စားသောက်ကုန်လုပ်ငန်းရှင်များအနေဖြင့် အစားအသောက်ဘေးကင်းလုံခြုံရေးအပိုင်း၊ ထုတ်လုပ်မှုအပိုင်း၊ ထုပ်ပိုးမှုအပိုင်း၊ ဈေးကွက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် ဆန်းသစ်တီထွင်သည့် အတွေ့အကြုံကောင်းများ ရရှိစေမည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များအား အာဆီယံဒေသတွင်းသို့ တင်ပို့လာနိုင်မည့် အခြေအနေကောင်းများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ASEAN Secretariat က အာဆီယံအတွင်းအရေးမှူးချုပ်ရုံးအနေဖြင့် ချိတ်ဆက် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အာဆီယံနိုင်ငံများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်နိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်တို့မှ MSME လုပ်ငန်းရှင်များ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံ၊ ဟောင်ကောင်နှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက Virtual ဖြင့် တက်ရောက်ကြသည်။

အာဆီယံ-ဟောင်ကောင်(တရုတ်)ဒေသတွင်းရှိ စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ လုပ်ငန်းရှင်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ကွန်ရက်တိုးချဲ့ရန်၊ မြန်မာလုပ်ငန်းရှင်များအနေဖြင့် စားသောက်ကုန်လုပ်ငန်းများနှင့်ပတ်သက်သည့် ဆန်းသစ်တီထွင်သည့် အသိပညာ၊ အတွေ့အကြုံများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သွင်းကုန်လုပ်ငန်းများအပေါ်တွင် အခြေခံ၍ ပြောင်းလဲလုပ်ကိုင်နိုင်မည့် နည်းဗျူဟာများ ပိုမိုရရှိလာပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန် ဆန်းသစ်သည့်အတွေးအခေါ်နှင့် ထုတ်လုပ်မှုဒီဇိုင်းပုံစံများ စနစ်တကျ တွေးခေါ်လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသရန်ပုံငွေဖြင့် မြန်မာနိုင်ငံအတွင်းရှိ စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် ဆန်းသစ်တီထွင်မှုအလေ့အကျင့်ကောင်းများ မျှဝေခြင်းစီမံကိန်း " Innovative Products Practices for Food processing in Myanmar" ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ ပထမဆုံးအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု အောင်မြင်

**နေပြည်တော် ဇန်နဝါရီ ၂၇**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်အပြင် နိုင်ငံ့အကျိုးပြု လုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ကူညီထမ်းဆောင်လျက်ရှိရာ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအနက် ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်သောနေရာများတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ တပ်မတော်သားများနှင့် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကိုပါ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည့် အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ ယနေ့တွင် ပထမဆုံးအကြိမ် ကျောက်ကပ်အစားထိုး လူနာ နှစ်ဦးကို အောင်မြင်စွာ အစားထိုး ခွဲစိတ်ကုသပေးနိုင်ကြောင်း သိရသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် လာရောက်သည့် ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားခဲ့သည့် ကျောက်ကပ်ပျက်စီးသည့် ဝေဒနာရှင်လူနာများကို ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးနိုင်ရေး လမ်းညွှန်ချက်အရ အကြောင်းအမျိုးမျိုးကြောင့် ကျောက်ကပ်ပျက်စီးသည့် လူနာများအတွက် ကျောက်ကပ်ဆေးသည့် ဆေးကုသမှုအပြင် ကျောက်ကပ်အစားထိုးကုသမှုကို ပထမဆုံးအကြိမ် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံမှ တပ်မှူး ဗိုလ်မှူးချုပ် စောရန်နိုင်ဦးဆောင်သည့် ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ပါရဂူများ၊ ဗိုလ်မှူးကြီး ဒေါ်ခင်ဖြူပြာဦးဆောင်သည့် ကျောက်ကပ်ကုသမားတော်များ၊ ဗိုလ်မှူးကြီး ဒေါ်ယုအေးလတ်ဦးဆောင်သည့် မေ့ဆေးပါရဂူများနှင့် ကျွမ်းကျင်သူနာပြုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး အစားထိုးခွဲစိတ်ကုသပေးရာတွင် ကျောက်ကပ်လှူဒါန်းသူတစ်ဦးကို ခေတ်မီနည်းစနစ်ဖြစ်သော ဝမ်းဗိုက်တွင် အပေါက်ငယ်များ ဖောက်၍ မှန်ပြောင်းဖြင့် ခွဲစိတ်ကုသခြင်း (Laparoscopic Donor Nephrectomy) ဖြင့် ခွဲစိတ်ကုသပေးခဲ့သဖြင့် ကျောက်ကပ်လှူဒါန်းသူမှာ နာကျင်မှု သက်သာကာ ပိုမိုမြန်ဆန်စွာ သက်သာပျောက်ကင်းနိုင်ကြောင်း သိရသည်။

တပ်မတော်ဆေးရုံများတွင် ကျောက်ကပ် အစားထိုးခွဲစိတ်ကုသခြင်းကို ၁၉၉၅ ခုနှစ်မှ စတင် ခွဲစိတ်ကုသပေးခဲ့ပြီး ယခုအထိ ကျောက်ကပ်ပျက်စီးသည့် လူနာ ၃၀၈ ဦးကို အောင်မြင်စွာ ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ် တို့ နှစ်ဂိုးစီ သရေကျ

**ရန်ကုန် ဇန်နဝါရီ ၂၇**

အိန္ဒိယနိုင်ငံ၌ ကျင်းပနေသည့် ၂၀၂၂ အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (ဂ) နောက်ဆုံးနေ့ကို ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက ဆက်လက်ပြုလုပ်ရာ မြန်မာနှင့် ဗီယက်နမ်အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအမျိုးသမီးအသင်းအတွက် နစ်နာခဲ့သောပွဲတစ်ပွဲဖြစ်ပြီး ဗီယက်နမ်ကို ခြေရည်တူကစား ကာ ဦးဆောင်ဂိုး နှစ်ကြိမ်တိုင် သွင်းယူနိုင်သော်လည်း သရေရလဒ်သာ ရခဲ့သဖြင့် ကွာတားဖိုင်နယ် တက်ရောက်ခွင့် ဆုံးရှုံးခဲ့သည်။ မြန်မာနှင့် ဗီယက်နမ်အသင်းမှာ ရမှတ်တစ်မှတ်စီတူညီခဲ့သော်လည်း ဗီယက်နမ်အသင်းက ဂိုးကွာခြားချက်အသာရခဲ့သဖြင့် တတိယနေရာ ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုမှ ထွက်ခဲ့ရသော်လည်း ခြေစစ်ပွဲထက် ကစားပုံပိုကောင်းခဲ့သလို ယခုပြိုင်ပွဲတွင် ကစားခဲ့သည့် မြန်မာအမျိုးသမီးအသင်း ကစားပုံနှင့် စွမ်းဆောင်ရည်ကို အသိအမှတ်ပြုရမည်ဖြစ်ပြီး ယခုထက် ပိုမိုတိုးတက်လာစေရန်နှင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရစေရန် ပံ့ပိုးပေးရန်သာ လိုအပ်နေသည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ခံရခြင်းမှ ပြန်လည်ကောင်းမွန်လာသည့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း ပြန်ပါလာပြီး မေဇင်နွယ်(ဂိုး)၊ အေးအေးမိုး၊ ချစ်ချစ်၊ ဖြူဖြူဝင်း၊ စန်းသော်သော်၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ နော်ထက်ထက်ဝေ၊ မြတ်နိုးခင်၊ ခင်သန်းဝေ တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၈ မိနစ်တွင် ဗီယက်နမ်နောက်တန်း ဖျက်ထုတ်ပုံကြမ်းတမ်းမှုမှတစ်ဆင့် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ဝင်းသိင်္ဂီထွန်းက သွင်းယူခဲ့သဖြင့် ဦးဆောင်ဂိုးရခဲ့သည်။ ဗီယက်နမ်အသင်းသည် ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့ရာ ပထမပိုင်းပြီးခါနီးတွင် ငုယင်သီတူယက်ဒေါင်က သွင်းယူသည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း ဒုတိယအကြိမ် ဦးဆောင်ဂိုးရခဲ့ပြီး အသင်းခေါင်းဆောင် ခင်မာလာထွန်းက သွင်းယူခဲ့သည်။ ဗီယက်နမ်အသင်းအတွက် ချေပဂိုးကို ၆၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဟူယင်နူက သွင်းယူခဲ့သည်။

အုပ်စု (ဂ) အခြားပွဲတွင် လက်ရှိချန်ပီယံ ဂျပန်နှင့် တောင်ကိုရီးယားအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ဂျပန်နှင့် တောင်ကိုရီးယားတို့က ခုနစ်မှတ်စီ၊ ဗီယက်နမ်နှင့် မြန်မာတို့က တစ်မှတ်စီရခဲ့ပြီး ဂိုးကွာခြားချက်ဖြင့် ဂျပန်အသင်းက အုပ်စုပထမ၊ တောင်ကိုရီးယားအသင်းက အုပ်စုဒုတိယ၊ ဗီယက်နမ်အသင်းက အကောင်းဆုံးအုပ်စုတတိယနေရာရ ထိပ်ဆုံးနှစ်သင်းတွင် ပါဝင်ကာ ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

**ရဲရင့်လွင်**

# ဘူးသီးတောင်မြို့၌ အခြေခံငါးမွေးမြူရေးသင်တန်း (ဒုတိယအကြိမ်) ဖွင့်လှစ်

**ဘူးသီးတောင် ဇန်နဝါရီ ၂၇**

ဘူးသီးတောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန အခြေခံ ငါးမွေးမြူရေးနှင့် ရေချိုငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်း (ဒုတိယအကြိမ်) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘူးသီးတောင်မြို့ ကကျာဘက်ကံပြင်ရေချို ငါးသားဖောက်စခန်း၌ ကိုဗစ် -၁၉ ညွှန်ကြားချက်နှင့်အညီ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်း (ဒုတိယအကြိမ်) သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သင်တန်းသား ၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။

**လှကျော်( ပြန်/ဆက်)**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့တော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ (၁/၂၀၂၂) အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်း၌ ပြုလုပ်သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်မြို့တော်ကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး သာယာသန့်ရှင်းလှပသော စည်းကမ်းပြည့်ဝလုံခြုံသည့် တိုင်းဒေသကြီးအဖြစ် အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက အကြံပြု ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့်စည်းကမ်းပြည့်ဝရေး၊ စိမ်းလန်းသာယာသန့်ရှင်းလှပရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာသန်စွမ်းရေး၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှု စသည့်လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ကော်မတီများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးလှစိုး အမှာစကားပြောကြားစဉ်။

# ကရင်ပြည်နယ်အစိုးရနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့များ တွေ့ဆုံ

**ဘားအံ ဇန်နဝါရီ ၂၇**

နိုင်ငံတော်တည်ဆောက်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများကို ထိန်းသိမ်း၍ ဘာသာပေါင်းစုံ ညီညွတ်စွာပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်ပြည်နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့များ တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၆ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မတူကွဲပြားသော ဘာသာဝင်များအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ကျယ်ပြန့်အောင် လုပ်ဆောင်ရန်၊ ကိုးကွယ်ယုံကြည်မှုကွဲပြားခြင်းကို အကြောင်းပြု၍ စိတ်ဝမ်းကွဲအောင်သွေးထိုးလှုံ့ဆော်မှုများကိုလည်း ညီညွတ်စွာဖြင့် ကာကွယ်တားဆီးတွန်းလှန်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း မွေးဖွားကြီးပြင်းသော မြန်မာနိုင်ငံသားများဖြစ်သည့်အတွက် မြန်မာနိုင်ငံသားဟူသောစိတ်ဓာတ်ဖြင့် လူမျိုး၊ ဘာသာ မခွဲခြားဘဲ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရင်းနှီးစွာဖြင့် စုပေါင်းအားကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ဘာသာရေးခေါင်းဆောင်များအနေဖြင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ဘာသာရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း ပူးပေါင်းပါဝင်ပေးကြရန်နှင့် ငြိမ်းချမ်းရေးအကျိုးဆောင်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ လူငယ်များ လိမ္မာရေးခြားရှိစေရေးအတွက် ဘာသာတရား၏ အဆုံးအမကို လိုက်နာခံယူတတ်ရန်လိုကြောင်း၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပါက အနာဂတ်တွင် တိုးတက်ငြိမ်းချမ်းသည့် ကရင်ပြည်နယ်ကြီးကို မြင်တွေ့ရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကရင်ပြည်နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဗုဒ္ဓဘာသာအဖွဲ့၊ ခရစ်ယာန်ဘာသာအဖွဲ့၊ အစ္စလာမ်ဘာသာအဖွဲ့၊ ဟိန္ဒူဘာသာအဖွဲ့များမှ နာယကများ၊ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကာ သက်ဆိုင်ရာဘာသာရေးအဖွဲ့များအလိုက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်နိုင်ရေး၊ သာသနာပိုင်မြေ ရရှိနိုင်ရေး၊ ငြိမ်းချမ်းရေး ဆုတောင်းပွဲများ ကျင်းပပြုလုပ်နိုင်ရေး၊ အဖွဲ့၏ရည်ရွယ်ချက်များ လှုပ်ရှားဆောင်ရွက်နိုင်ရေးတို့ကို တင်ပြဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြန်မာတော်ဝင်ကျောက်စိမ်းစင်တာကုမ္ပဏီ၌ လောင်းကစားဝိုင်း ဖွင့်လှစ်လုပ်ကိုင်နေသည့် ကုမ္ပဏီပိုင်ရှင် နှစ်ဦး၊ ဝန်ထမ်း ၉၆ ဦး၊ လောင်းကစားပြုလုပ်နေသူ ၆၂ ဦး စုစုပေါင်း ၁၆၀ တို့ကို လောင်းကြေးငွေကျပ်သိန်း ၂၄၉၀၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် မြန်မာတော်ဝင် ကျောက်စိမ်းစင်တာကုမ္ပဏီ၌ လောင်းကစားဝိုင်း ဖွင့်လှစ်လုပ်ကိုင်နေသည့် ကုမ္ပဏီပိုင်ရှင်နှစ်ဦး၊ ဝန်ထမ်း ၉၆ ဦး၊ လောင်းကစားပြုလုပ်နေသူ ၆၂ ဦး စုစုပေါင်း ၁၆၀ တို့ကို လောင်းကြေးငွေကျပ်သိန်း ၂၄၉၀၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဇန်နဝါရီ ၂၅ ရက်က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညောင်ကျေးရွာ ပန်းလှိုင်ဂေါက်ကွင်းလမ်း အမှတ်(၁၅၄) မြန်မာတော်ဝင်ကျောက်စိမ်းစင်တာကုမ္ပဏီလီမိတက်၌ လောင်းကစားဖမ်းဆီးရမိမှု တရားခံနှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



တရားခံ အောင်နိုင်ဝင်း



တရားခံ သိန်းအောင်









ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၅ ရက် ည ၉ နာရီက လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ညောင်ကျေးရွာ ပန်းလှိုင်ဂေါက်ကွင်းလမ်း အမှတ် (၁၅၄)ရှိ မြန်မာတော်ဝင် ကျောက်စိမ်းစင်တာ ကုမ္ပဏီ၌ လောင်းကစားဝိုင်း ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ရာ "မြန်မာတော်ဝင်" ကျောက်စိမ်းစင်တာ ကုမ္ပဏီ၌ လောင်းကစားလုပ်ငန်းများ ဖွင့်လှစ် လုပ်ကိုင်နေသည့် ကုမ္ပဏီပိုင်ရှင်များဖြစ်သည့် လားရှိုးမြို့ (၁၂)ရပ်ကွက်နေ သိန်းအောင် (၄၂ နှစ်) နှင့် အောင်နိုင်ဝင်း (၄၃နှစ်)တို့ နှစ်ဦး၊ အဆိုပါကုမ္ပဏီရှိလောင်းကစားလုပ်ငန်းများတွင် လုပ်ကိုင်နေသည့် အမျိုးသား ဝန်ထမ်း ၄၅ ဦး၊ အမျိုးသမီး ၅၁ ဦး ပေါင်း ၉၆ ဦး၊ လောင်းကစား ပြုလုပ်နေသူ အမျိုးသား ၅၂ ဦး၊ အမျိုးသမီး ၁၀ ပေါင်း ၆၂ ဦး၊ စုစုပေါင်း ၁၆၀ တို့ကို ကာစီနိုစားပွဲဝိုင်း ၁၅ လုံး၊ ဖင်ထိုင်ခုံ ၇၅ လုံး၊ ဖဲချပ်မျိုးစုံ ၁၅၈၇ ချပ်၊ ငါးမန်းလောင်းကစားခုံခုနစ်ခုံ၊ မာကျောက်လောင်းကစားကိရိယာ ခြောက်စုံ၊ အန်စာတုံး ၁၀ လုံး၊ အန်စာတုံးခေါက်ရာတွင် အသုံးပြုသည့် ပစ္စည်း ငါးစုံ၊ ဂဏန်းပေါင်းစက် ၁၅ လုံး၊ ငွေတန်ဖိုးများ ရေးသားထားသော တုံကင်ပြား ၁၅၀၀၊ ကွန်ပျူတာမော်နီတာ ခုနစ်လုံး၊ ငွေရေစက်(အကြီး)တစ်လုံး၊ ငွေရေစက်(အသေး)တစ်လုံး၊ လောင်းကြေးငွေ စုစုပေါင်းငွေကျပ်သိန်း ၂၄၉၀၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ကျောက်စိမ်းစင်တာကုမ္ပဏီအမည်ခံကာ လောင်းကစားခြင်းများ လုပ်ကိုင်ခဲ့သည့် သိန်းအောင်နှင့် အောင်နိုင်ဝင်း ပါ နှစ်ဦးနှင့်အတူ ဖမ်းဆီးရမိသူ ၁၆၀ တို့ကို လှိုင်သာယာ(အရှေ့ပိုင်း) မြို့မရဲစခန်း(ပ)၉၈/၂၀၂၂၊ လောင်းကစားဥပဒေပုဒ်မ ၁၈ (က)/၁၉ (က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်





လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညောင်ကျေးရွာ ပန်းလှိုင်ဂေါက်ကွင်းလမ်း အမှတ်(၁၅၄) မြန်မာတော်ဝင်ကျောက်စိမ်းစင်တာကုမ္ပဏီလီမိတက်၌ လောင်းကစားဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

# ရေဦးမြို့နယ်၌ ကလေးမွေးဖွားမည့်လူနာကို လိုက်ပါပို့ဆောင်သည့် လူမှုကူညီရေးယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် လူမှုကူညီရေးယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦးသေဆုံး

နေပြည်တော် ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ ကလေးမွေးဖွားမည့် လူနာကို လိုက်ပါပို့ဆောင်သည့် လူမှုကူညီရေးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် လူမှုကူညီရေးယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး လူမှုကူညီရေးယာဉ် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။



အေးမာထွန်း(သေဆုံး)

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် တန့်ဆည်မြို့ ဗိုလ်မြရပ်ကွက်နေ မအေးမာထွန်း (၂၃နှစ်) (ဘ)ဦးကျောက်လုံးသည် ၎င်း၏အစ်ကိုဖြစ်သူ ကိုရဲအောင်နှင့်အတူ ၎င်း၏ ဇနီး မသန်းသန်းအေး ကလေးမွေးဖွားရန်အတွက် ရေဦးမြို့ ပြည်သူ့ဆေးရုံကြီးသို့ တန့်ဆည်မြို့ လူမှုကူညီရေးအသင်းယာဉ်ဖြင့် ထွက်ခွာလာခဲ့ရာ နံနက်၅ နာရီခွဲတွင် ရေဦးမြို့နယ် ဆပ်သေကျေးရွာအနီး အရောက် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် မအေးမာထွန်းတွင် နောက်ကျောမိုင်းစထိမှန် ဒဏ်ရာ၊ ယာခြေသလုံး မိုင်းစထိမှန်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး လူနာတင်ယာဉ်မှာလည်း အနည်းငယ်ပျက်စီး ဆုံးရှုံးခဲ့သည်။

ထိုကဲ့သို့ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအား ဖမ်းဆီးခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ကျန်းမာရေးကိစ္စရပ်များအတွက် ကူညီဆောင်ရွက်ပေးနေသည့် လူမှုကူညီရေးယာဉ်များပါ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်းများပြုလုပ်လာသည်ကို တွေ့ရှိရပြီး ထိုသို့ဆောင်ရွက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် နယ်မြေလုံခြုံရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့်ပစ္စည်းများ လက်ဝယ်ကိုင်ဆောင်သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ ထွန်းထွန်းဦး(ခ)အီးတီ(ဘ)ဦးတင်၊ အမှတ်(၉)ရပ်ကွက်နေ သက်နိုင်(ဘ)ဦးတင်ရီနှင့် အမှတ်(၃)ရပ်ကွက်နေ သူရဖြိုးဝေ (ဘ) ဦးကြည်ရွှင်တို့သည် အကြမ်းဖက်ဖောက်ခွဲရာတွင် အသုံးပြုသည့် ယမ်းစိမ်းများလက်ဝယ်ထားရှိမှုနှင့် ထိန်းသိမ်းထားရှိရာတွင် အားပေးကူညီမှုတို့ကို ပြုခဲ့ကြသည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ အက်ဥပဒေပုဒ်မ-၄(ခ)/၆ အရ ဇန်နဝါရီ ၂၆ ရက်တွင် ၎င်းတို့အား "ထောင်ဒဏ် အနှစ်၂၀" ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တရားခံ သူရဖြိုးဝေ၊ သက်နိုင်နှင့် ထွန်းထွန်းဦး(ခ)အီးတီ (ဝဲမှယာ) တို့၏ မှတ်တမ်းဓာတ်ပုံ။

**လှိုင်းအသင့်အတင့်ရှိမည်**

နေပြည်တော် ဇန်နဝါရီ ၂၇- မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**


## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင်ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ် လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ


# အာဖရိကနိုင်ငံများဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

